ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် အင်္ဂါနေ့။ Tuesday, 4 July 2017 (၈၉၇၅)

ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၃

— — — —

နိုင်ငံပိုင်ဂြိုဟ်တုစနစ်ဖြင့် နိုင်ငံ၏ကဏ္ဍမျိုးစုံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်

စာမျက်နှာ - ၈

— — — —

ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၈

— — — —

Y-8 (၅၈၂၀) လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ - ၉

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။**

**ရန်ကုန် ဇူလိုင် ၃**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

## JMC ၏ ပုံရိပ်ကိုထိခိုက်စေသည့် ပြောဆိုမှုများကို ဂရုစိုက်၍ရှောင်ရှားပေးရန် JMC-U ဥက္ကဋ္ဌ ပြောကြား

**ရန်ကုန် ဇူလိုင် ၃**

တပ်မတော်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို လက်ကိုင်ပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို တွန်းအား၊ ဖိအားများပေးနေခြင်းမရှိဘဲ JMC ၏ ပုံရိပ်အားထိခိုက်စေသည့် ပြောဆိုမှုများကိုဂရုစိုက်၍ ရှောင်ရှားပေးရန် မေတ္တာရပ်ခံကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"တပ်မတော်အနေနဲ့ JMC ကိုလက်ကိုင်ပြုပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို တွန်းအားပေးနေတယ်။ ဖိအားပေးနေတယ်။ ဒီလိုပြောတာတွေ ကျွန်တော်တို့ကြားရပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ JMC မှာ အဓိကက အကုန်လုံးသဘောတူမှ ဆုံးဖြတ်ချက်ချတာဖြစ်ပါတယ်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းရင်းဆေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်နိုင်ရေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ကျင်းပသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအနေဖြင့် အစွမ်းအာနိသင်ထက်မြက်ပြီး အန္တရာယ်ကင်းသောတိုင်းရင်းဆေးဝါးများ သုံးစွဲနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ သုံးသပ်အကြံပေးနိုင်ရန် ယခုအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာရပ် တိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းဆေးသုတေသနများ ပြုလုပ်မည်ဆိုပါက ဝန်ကြီးဌာနမှလည်း ရန်ပုံငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အကြံပေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ကို ဇွန် ၉ ရက်တွင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် UK နိုင်ငံမှ Minister of State for International Development and Minister of State for the Middle East at the Foreign & Commonwealth Office Mr. Alistair Burt ဦးဆောင်သောအဖွဲ့နှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထွေထွေရောဂါဆေးကုသဆောင်၊ ဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုသဆောင်၊ အရိုးနှင့် ထိခိုက်ဒဏ်ရာကုသဆောင်၊ ဓာတ်မှန်ဌာန၊ အရေးပေါ်နှင့် ပြင်ပလူနာဌာနတို့ကိုကြည့်ရှုပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁ ရက် ညပိုင်းက Chatrium Hotel ၌ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ G to G အဖွဲ့ဝင်ကိုယ်စားလှယ်များအားတွေ့ဆုံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြဟ္မစိုရ်တရား လက်ကိုင်ထား

ပြဟ္မစိုရ်တရားလေးပါးကို ပြဟ္မဝိဟာရတရား လေးပါးဟုလည်းခေါ်၏။ ပြဟ္မစိုရ်တရား လေးပါးမှာ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော တရားဒေသနာ မဟုတ်ပါ။ ဘာဝနာကျင့်ကြံပွားများအားထုတ်အပ်သည့် မြတ်သော အကျင့်ဖြစ်သည်။ ကျင့်ကြံပွားများအားထုတ်သည်ဆိုရာ၌ ဗုဒ္ဓဘာသာဝင်များအတွက်သာ လိုက်နာကျင့်သုံးရန်မဟုတ်ချေ။ လူတိုင်း လူတိုင်း လိုက်နာကျင့်သုံးအပ်သည့်၊ လိုက်နာကျင့်ကြံအပ်သည့် လောကပါလ ဘာဝနာတရားများ ဖြစ်သည်။

ပြဟ္မစိုရ်တရား လေးပါးမှာ (၁)မေတ္တာ၊ (၂)ကရုဏာ၊ (၃)မုဒိတာ၊ (၄) ဥပေက္ခာ တို့ဖြစ်သည်။ ဤ တရားလေးပါးကို လူတို့လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုပါက လူတစ်ဦးချင်းအလိုက် စိတ်ချမ်းသာမှုနှင့် ပြည့်စုံနိုင်သလို လူ့ဘောင်လောကကြီးတစ်ခုလုံး အေးချမ်းသာယာလှပနေမည် ဖြစ်သည်။ သို့သော် လူသားအများစုမှာ ထိုတရားများကို လိုက်နာကျင့်သုံးမှုအားနည်းနေသည်ဟုဆိုရပါမည်။ ထို့ကြောင့် ဤကမ္ဘာလောကကြီး၏ နေရာဒေသအချို့တွင် စိတ်မချမ်းမြေ့ဖွယ်ရာများ၊ ဝမ်းနည်းကြေကွဲဖွယ်ရာများကို မကြာခဏမြင်တွေ့ကြားသိနေရခြင်း ဖြစ်ပါသည်။

အမှန်တကယ်တွင် လူတိုင်းပွားများနိုင်သော၊ ကျင့်ကြံနိုင်သော တရားများဖြစ်ပါသည်။ သို့သော် အတ္တ၊ မာန၊ ဒေါသ၊ လောဘ၊ မောဟတို့ကို ဘရိတ်မအုပ်နိုင်သောကြောင့် ပြဟ္မစိုရ်တရား လေးပါးကို မကျင့်ကြံနိုင်ဘဲ ပြုသူကအသစ်၊ ခံရသူကအဟောင်း၊ တစ်ဖန် ပြန်လည်တုံ့ပြန်ကြခြင်း မဆုံးတော့သဖြင့် ဒုက္ခဆင်းရဲသံသရာ ဝဲသြယအတွင်း တဝဲလည်လည် နစ်မြုပ်နေရခြင်းဖြစ်ပါသည်။

မေတ္တာဟူသည်မှာ ချစ်ခင်ခြင်းဖြစ်၍ အပန်းကြီးသော အလုပ်မဟုတ်ပါ။ သတ္တဝါများအပေါ် မေတ္တာထားနိုင်အောင် သတိပြုမိဖို့သာ လိုအပ်ပါသည်။ ချစ်ခြင်းဖြင့် သတ္တဝါများအပေါ်တွင် ပွားများ စူးစိုက်ခြင်း ဖြစ်သည်။ သုခိတ၊ ဒုက္ခိတ အေးငြိမ်းချမ်းသာနေသော သတ္တဝါများ၊ ဆင်းရဲဒုက္ခရောက်နေကြသော သတ္တဝါများ၊ နှစ်မျိုးသော သတ္တဝါများအပေါ်တွင် အညီအမျှ မေတ္တာထားနိုင်ခြင်းဖြစ်သည်။ ကိုယ်နှင့်အကျွမ်းဝင်သောသူ ချမ်းသာလျှင် ဝမ်းမြောက်ပီတိဖြစ်တတ်ကြပြီး ကိုယ်နှင့်မတူကွဲပြားသူများ ချမ်းသာလျှင် မနာလိုဝန်တိုအကုသိုလ်ပွားကြသည်ကို သတိပြုစေချင်သည်။ ကိုယ်နှင့်အကျွမ်းဝင်သောသူ ဆင်းရဲဒုက္ခရောက်လျှင် ကရုဏာသက်ဝင်ပြီး ကိုယ်နှင့် သဘောမတူသူ ဆင်းရဲဒုက္ခရောက်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ကိုလည်း သတိပြုဆင်ခြင်စေချင်ပါသည်။

ကရုဏာဟူသည်မှာ သနားကြင်နာခြင်းဖြစ်၍ ယင်းမှာလည်း အပန်းကြီးသော အလုပ်မဟုတ်ဟုဆိုချင်ပါသည်။ လူတိုင်းတွင် ကိုယ်ချင်းစာတရားရှိတတ်ကြသဖြင့် များသောအားဖြင့် ဒုက္ခရောက်နေသူ မည်သူမဆိုအပေါ်တွင် သနားကရုဏာသက်နိုင်ကြမည်ဟု ဆိုနိုင်ပါသည်။ ဒုက္ခရောက်နေသူအပေါ်တွင် သနားညှာတာရာ၌ ကိုယ်ချင်းစာစိတ်ဖြင့် နှလုံးသွင်းရမည်ဖြစ်သည်။ အချို့အနေဖြင့် ဒုက္ခရောက်သူများပေါ်တွင် လျစ်လျူရှုခြင်း၊ ဝမ်းသာခြင်းဖြစ်ကြသော လူမဆန်သည့် ရှားပါးသူများလည်းရှိနိုင်သည်။

မုဒိတာဟူသည်မှာ ဝမ်းမြောက်စိတ်ဖြင့် မည်သည့်သတ္တဝါလူပုဂ္ဂိုလ်တို့အပေါ်တွင်မဆို အလေးအမြတ်ပြုခြင်း၊ စူးစိုက်ခြင်းပင်ဖြစ်သည်။ ဥပမာ သိန်းတစ်သောင်းထီဆုပေါက်သော ဆင်းရဲနွမ်းပါးသူတို့အပေါ်တွင် ထားရှိကြသော စိတ်စေတနာဖြစ်သည်။ မုဒိတာဆိုသည်မှာ မနာလိုစိတ်မရှိခြင်းဖြစ်၍ ကိုယ်နှင့်မတူသောသူများအပေါ်တွင် ထားရှိရန် ခက်ခဲကြသည်။ အချို့ချမ်းသာသောသူများ ၎င်းတို့ဘဝ၊ ၎င်းတို့ကံကြောင့် ချမ်းသာသည်ကို မုဒိတာမထားနိုင်ဘဲ မနာလိုမရှုဆိတ် ဖြစ်တတ်သည်ကို သတိထားရမည်ဖြစ်သည်။

ဥပေက္ခာဟူသည်မှာ ချစ်ခြင်း၊ မုန်းခြင်းမထားဘဲ သတ္တဝါများအပေါ်တွင် ဥပေက္ခာစိတ်ဖြင့် ပွားများခြင်းပင်ဖြစ်သည်။ ဥပေက္ခာဆိုသည်မှာ အမြင့်ဆုံးစိတ်ထားဖြစ်၍ ပုထုဇဉ်တို့ ပွားများရန်မှာ ခက်ခဲပြီး အရိယာသူတော်ကောင်းတို့သာ စူးစိုက်ပွားများနိုင်ကြသည်။ ချစ်သူအပေါ်တွင်လည်း အချစ်မထား၊ မုန်းသူအပေါ်တွင်လည်း အမုန်းမပွားဘဲနေနိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်သော်လည်း အမြင့်တန်းသို့ တက်လှမ်းလိုသော ပုထုဇဉ်များအတွက် ကြိုးစားအားထုတ်ကြည့်ဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤလောကကြီးတွင် ပြဟ္မစိုရ်တရားလေးပါး မထွန်းကားသေးသရွေ့ လောကကြီးမှာ အကျည်းတန်အရုပ်ဆိုးနေမည်ဖြစ်ပြီး ဤလောကကြီး ငြိမ်းချမ်းသာယာလှပနေစေရန်အတွက် ဝေးကွာနေဦးမည် ဖြစ်သည်။ ထို့ကြောင့် ပြဟ္မစိုရ်တရားလေးပါးတွင် မိမိတို့သန်ရာသန်ရာ မှစတင်၍ တစ်ပါးချင်းစီ ပွားများအားထုတ်ခြင်းဖြင့် လောကကြီး အေးချမ်းသာယာလှပအောင် ကြိုးပမ်းအားထုတ်စေချင်ပါသည်။ ။

# မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း အသင်းသားစုံညီစည်းဝေး

**ရန်ကုန် ဇူလိုင် ၃**

မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်း(MLCA) အနေဖြင့် အသင်း၏ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် အများပိုင်ကုမ္ပဏီနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးရန် အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ Sky Star Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရည်မှန်းချက်များနှင့် ကြိုးပမ်းဆောင်ရွက်နေသည့်အထဲတွင် မြို့ရွာသစ်များ တည်ဆောက်ရေး၊ စက်မှုဇုန်သစ်များ တည်ဆောက်ရေး၊ ဆိပ်ကမ်းသစ်၊ လေဆိပ်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များ ပါဝင်လာမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၏တစ်ဖက်ကမ်းတွင် ရန်ကုန်မြို့သစ် စီမံကိန်းကို တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ သမိုင်းဝင်အဆောက်အအုံကြီးများနှင့် လှပသည့်မြို့သစ်ကြီး စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်ဆိုလျှင် အခွင့်အလမ်းအားလုံးသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ လက်ထဲ၌သာရှိကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍသည် တစ်ကမ္ဘာလုံးတွင် အရေးကြီးသည့်အခန်းကဏ္ဍတွင်ရှိနေပြီး ပြင်သစ်ကိုပဲကြည့်ကြည့်၊ အီတလီကိုပဲကြည့်ကြည့် အင်ဂျင်နီယာများ ဆောက်လုပ်ခဲ့သည့်အရာများကို လူအများက ဂုဏ်ပြုနေကြဆဲဖြစ်ကြောင်း၊ သမိုင်းတွင် ကျန်ရစ်မည့် အဆောက်အအုံများနှင့် မြို့တော်ကြီးကို နောင်လာနောက်သားများအား ပေးအပ်နိုင်ရန် ယခုတက်ရောက်လာသည့် ကန်ထရိုက်တာများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက "ကျွန်တော်တို့အသင်းဟာ ၂၀၁၆ ခုနှစ်မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့လည်း နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး ရန်ကုန်တိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ တတ်နိုင်သလောက်ပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပါမယ်။ ရန်ကုန်မြို့ရဲ့ လေယာဉ်ကွင်းတွေ၊ ဆိပ်ကမ်းမြို့ကြီးတွေ၊ အထူးစီးပွားရေးဇုန်တွေ တည်ဆောက်မယ့်ကိစ္စရပ်တွေမှာလည်း ကျွန်တော်တို့အနေနဲ့ ကြိုးစားဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်း (MLCA)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အသင်းသားအသင်းသူများ တက်ရောက်ကြပြီး အလှူငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အေးမင်းသူ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀ မန္တလေး(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၃၀ ကျပ်၊ | ၇၈၅/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၀ ကျပ်၊ | ၆၇၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅/၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၀/၅၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၆၅/၅၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၅၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၁၁၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၁၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၆. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉. ၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ်မြို့ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နီပေါဝန်ကြီးချုပ်ဟောင်းနှင့်အတူ Universal Peace Federation (UPF)မှ ဥက္ကဋ္ဌ Dr. Thomas G. Walsh, Ph.D နှင့် ကိုယ်စားလှယ်များ၊ နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Ek Nath Dhakal နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Bhim K. Udas တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး SIIA ၏ ဥက္ကဋ္ဌ Prof. Simon Tay အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် Singapore Institute of International Affairs (SIIA)၏ ဥက္ကဋ္ဌ Prof. Simon Tay နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများကို အလေးထားခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုချက်များကို မြန်ဆန် လွယ်ကူစွာထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်နေမှုများ၊ ဥပဒေဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူသိရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာရှိများအတွက် စီးပွားရေးဆိုင်ရာ ဥပဒေများနှင့် စာချုပ်စာတမ်းဆိုင်ရာ အတွေ့အကြုံများ ပိုမိုရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်သန်းအောင်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဦးကိုကိုအောင် ကို မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃**

(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 14th China-ASEAN Expo) နှင့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 14th China-ASEAN Business and Investment Summit) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့ Nanning International Convention & Exhibition Center တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၆/၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်) ဖုန်း-၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com၊ website:www.trade.gov.mmနှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိန္ဒိယတပ်ဖွဲ့ဝင်များ နယ်ကျော်ဝင်ရောက်ခဲ့သည်ဆိုမှု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မြေပုံထုတ်ပြန်

ပေကျင်း ဇူလိုင် ၃

**အိန္ဒိယတပ်ဖွဲ့ဝင်များသည် ဆစ်ခင်နယ်မြေ၏ ဒိုခလမ်ဧရိယာအတွင်းသို့ နယ်ကျော်ဝင်ရောက်ခဲ့သည်ဆိုသော ပြောကြားချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံက မြေပုံတစ်ခုကို ထုတ်ပြန်လိုက်ကြောင်း၊ တရုတ်နိုင်ငံက ဒိုခလမ်ဧရိယာသည် ယင်း၏ပိုင်နက်အတွင်း ရှိသည်ဟုဆိုကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။**

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော မြေပုံတွင်မဟာဗျူဟာမြောက် လမ်းတစ်လမ်း ဖောက်လုပ်နေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင်များအား တားဆီးနိုင်ရန် ဒိုခလမ်ဧရိယာအတွင်းသို့ အိန္ဒိယတပ်ဖွဲ့ဝင်များ နယ်ကျော်ဝင်ရောက်ခဲ့ပုံကို ဆေးရောင်အမှတ်အသား ပြသ၍ ဖော်ပြထားသည်ဆို၏။

ဒိုခလမ်ဧရိယာသည် ယင်း၏ပိုင်နက်အတွင်း ပါဝင်သည်ဟု တရုတ်နိုင်ငံ၏အခိုင်အမာထုတ်ဖော်ပြောဆိုချက်ကို ဘူတန်နိုင်ငံက ကန့်ကွက်ခဲ့သည်။ တရုတ်နိုင်ငံ၏ပြောဆိုချက်သည် ၁၉၈၈ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် သဘောတူညီချက်များပါ အချက်များကို ချိုးဖောက်ရာရောက်သည်ဟုဘူတန်နိုင်ငံကပြောကြားသည်။

နှစ်နိုင်ငံ နယ်စပ်ဒေသ၏ တရုတ်ဘက်ခြမ်းသို့ အိန္ဒိယတပ်ဖွဲ့ဝင်များ နယ်ကျော်ဝင်ရောက်နေပုံဟု ဖော်ပြထားသော ဓာတ်ပုံနှစ်ပုံကိုလည်း တရုတ်နိုင်ငံက ဇွန် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် လူကန်သည် အိန္ဒိယတပ်ဖွဲ့ဝင်များ မိမိတို့၏ ပိုင်နက်အတွင်းသို့ နယ်ကျော်ဝင်ရောက်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(ယာပုံ)** တရုတ်-အိန္ဒိယနယ်စပ်ဒေသသည် ဂျမ္မူးရ် နှင့် ကက်ရှ်မီးယားပြည်နယ်မှသည် အာရူနာချယ် ပရာဒေ့ရှ်ပြည်နယ် အထိ ၃၄၈၈ ကီလိုမီတာ ရှည်လျားသည့်အနက် ကီလိုမီတာ ၂၂၀ မှာ ဆစ်ခင်နယ်မြေအတွင်း ပါဝင်သည်။ **ပီတီအိုင်။**




# ဆီးရီးယားသမ္မတဘရှားအယ်လ်အာဆတ်၏ ပုံတူရုပ်ပုံလွှာပါရှိသော ငွေစက္ကူသစ် ဆီးရီးယား၌ ထုတ်ဝေပြီ

**ဒမတ်စကတ် ဇူလိုင် ၃**

ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်၏ ပုံတူရုပ်ပုံလွှာပါရှိသော ငွေစက္ကူသစ်ကို ဇူလိုင် ၂ ရက်တွင် နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲငွေအဖြစ် ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**




သမ္မတအာဆတ်၏ ပုံတူ ရုပ်ပုံလွှာကို ဆီးရီးယားနိုင်ငံသုံးငွေကြေးစနစ်တွင် တွေ့မြင်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ဇူလိုင် ၂ ရက်တွင် စတင်ထုတ်ဝေလိုက်သော ပေါင် ၂၀၀၀ တန် ငွေစက္ကူသစ်တွင် အဆိုပါ ရုပ်ပုံလွှာ ပါရှိသည်။

လွန်ခဲ့သည့် နှစ်များက ပုံနှိပ်ခဲ့သော ငွေစက္ကူသစ်အချို့တွင် ပေါင် ၂၀၀၀ တန် ငွေစက္ကူပါဝင်ကြောင်း၊ သို့ရာတွင် ဆီးရီးယားနိုင်ငံတွင် စစ်မက်ဖြစ်ပွားနေသည့် အခြေအနေတွင်ရှိနေပြီး ငွေလဲလှယ်နှုန်း အတက်အကျဖြစ်ပေါ်နေခြင်းကြောင့်ယင်းပေါင် ၂၀၀၀ ငွေစက္ကူကို ထုတ်ဝေရန် ဆိုင်းငံ့ထားခဲ့ကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဒူးရိတ်ဒါဂမ်က ပြောကြားသည်။

အသစ်ထုတ်ဝေလိုက်သော ပေါင် ၂၀၀၀ တန် ငွေစက္ကူမှာ လက်ရှိ နိုင်ငံခြားငွေလဲနှုန်း အရ လေးဒေါ်လာခန့်နှင့်သာ ညီမျှသည်ဆို၏။

၂၀၁၁ ခုနှစ်တွင် ဆီးရီးယား ပဋိပက္ခစတင်ခဲ့ချိန်နောက်ပိုင်း ငွေတန်ဖိုးကျဆင်းလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တစ်ဒေါ်လာလျှင် ၄၇ ပေါင် ရှိခဲ့ရာမှ ယနေ့ကာလတွင် တစ်ဒေါ်လာလျှင် ပေါင် ၅၀၀ ခန့်အထိ ငွေတန်ဖိုးကျဆင်းခဲ့ပြီ ဖြစ်သည်။

နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူများမှာ ဟောင်းမြင်းလာပြီဖြစ်သဖြင့် ငွေစက္ကူသစ် ထုတ်ဝေရန် အချိန်အခါ ကျရောက်လာပြီဖြစ်ကြောင်း ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင် ဆာနားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံ၌ ယခင်က ထုတ်ဝေခဲ့သော ငွေစက္ကူများအနက် တန်ဖိုးအကြီးဆုံး ငွေစက္ကူမှာ ပေါင် ၁၀၀၀ တန်ငွေစက္ကူ ဖြစ်သည်။ ယခင်တည်ရှိခဲ့သော ပေါင် ၁၀၀၀ တန် ငွေစက္ကူများနှင့် အကြွေစေ့များပေါ်တွင် အာဆတ်၏ဖခင် သမ္မတ ဟာဖက်အယ်လ်အာဆတ်၏ ပုံတူရုပ်ပုံလွှာကို ဖော်ပြခဲ့သည်။ ဟာဖက်အယ်လ်အာဆတ်သည် ၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။ **ရိုက်တာ။**

## လက်ဘနွန်ရှိ ဒုက္ခသည်စခန်း၌ မီးလောင်မှုဖြစ်ပွား

**ဘေရွတ် ဇူလိုင် ၃**

လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘီကားတောင်ကြားဒေသရှိ ဆီးရီးယားဒုက္ခသည်စခန်းတွင် ဇူလိုင် ၂ ရက်က မီးလောင်မှု ဖြစ်ပွားရာ ကလေးတစ်ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်

**-- ပြာကျ --**

ဆီးရီးယားလူမျိုး ဒုက္ခသည်ရာပေါင်းများစွာ ခိုလှုံလျက်ရှိသော ဒုက္ခသည်စခန်း၌ မီးလောင်မှုသည် ဒုက္ခသည်စခန်းအတွင်း ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းတွင် ဂက်စ်အိုးများနှင့် လောင်စာများ တည်ရှိသောကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းတစ်ခုလုံး မီးလောင်ပြာကျသွားခဲ့ရပြီး အနီးရှိ လယ်ကွင်းများသို့ပင် မီးကူးစက်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်ငန်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဒုက္ခသည်စခန်းတွင် ရွက်ဖျင်တဲပေါင်း ၁၅၀ ခန့်ရှိပြီး ဒုက္ခသည် ၁၀၀၀ ခန့်နေထိုင်လျက်ရှိသည်။

**-- လက်ခံ --**

၂၀၁၁ခုနှစ်တွင် ဆီးရီးယား ပြည်တွင်းစစ် စတင်ခဲ့ပြီးနောက်ပိုင်း လက်ဘနွန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည် ပေါင်း ၁ ဒသမ ၁ သန်းခန့်ကို လက်ခံခဲ့ကြောင်း၊ ဆီးရီးယားနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁ ဒသမ ၅ သန်းခန့်သည် လက်ဘနွန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကပြောကြားသည်။ **ဆင်ဟွာ။**

## အာရပ်နိုင်ငံများ၏ တောင်းဆိုချက်များကို ကာတာနိုင်ငံတုံ့ပြန်ရန် နောက်ထပ် ၄၈ နာရီ အချိန်တိုးပေး

**ရီယာ့ဒ် ဇူလိုင် ၄**

ကာတာနိုင်ငံသည် အကြမ်းဖက်သမားများကို ထောက်ခံအားပေးမှုများ ပြုလုပ်နေသည်ဟုဆိုကာ အာရပ်နိုင်ငံလေးနိုင်ငံက တောင်းဆိုချက်များ ချမှတ်ထားပြီး ယင်းတောင်းဆိုချက်များကို ကာတာနိုင်ငံအနေဖြင့် နောက်ထပ် ၄၈ နာရီအတွင်း ပြန်လည်တုံ့ပြန်ရန်ဖြစ်ကြောင်း ဆော်ဒီအစိုးရ သတင်းဌာန အက်စ်ပီအေက သတင်းထုတ်ပြန်သည်။

ကာတာနိုင်ငံအပေါ် တောင်းဆိုမှုများကို အပြုသဘောတုံ့ပြန်ရန် ဇူလိုင် ၂ ရက်နေ့အထိ အချိန်ပေးခဲ့ပြီးနောက် နောက်ထပ် ၄၈ နာရီ သက်တမ်းတိုးပေးရန် ကူဝိတ်နိုင်ငံက အဆိုပြုခဲ့ပြီး ယင်းအဆိုပြုချက်ကို အီဂျစ်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဘာရိန်းနိုင်ငံတို့က သဘောတူညီခဲ့ကြသည်။ လက်ရှိဖြစ်ပေါ်နေသော သံတမန်ရေးပဋိပက္ခကို ကူဝိတ်နိုင်ငံက ကြားဝင်စေ့စပ်ညှိနှိုင်းပေးလျက်ရှိသည်။

**-- အဆိုပြု --**

အာရပ်လေးနိုင်ငံ၏ တောင်းဆိုမှုများနှင့် ပတ်သက်၍ တုံ့ပြန်မည့်အစီအစဉ်ဆိုင်ရာ စာလွှာစာတမ်းကို ကူဝိတ်စော်ဘွား ရှိတ်အယ်လ်အာမက် အယ်လ်ဆာဘား ထံသို့ ဇူလိုင် ၃ ရက်တွင် ပေးအပ်မည်ဟု ကာတာနိုင်ငံက ကြေညာခဲ့ပြီးနောက် တုံ့ပြန်နိုင်ရေးအတွက် အချိန်ပေးမှုကို နောက်ထပ် ၄၈ နာရီတိုးပေးရန် ကူဝိတ်က အဆိုပြုခဲ့သည်။

အာရပ်လေးနိုင်ငံ၏ ဇွန် ၂၃ ရက် တောင်းဆိုချက်များတွင် အချက် ၁၃ ချက်ပါဝင်ပြီး ကာတာနိုင်ငံက အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြားထုတ်လွှင့်မှုကို ပိတ်ပင်ရန်လည်းကောင်း၊ အီရန်နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ရန်လည်းကောင်း ပါဝင်သည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံတွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီးနောက် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွား၊ ရှစ်ဦး သေဆုံး

**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဇူလိုင် ၂ရက်က သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားရာ လူ ရှစ်ဦးထက်မနည်း သေဆုံးပြီး ၃၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံပိုင် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း(စီအန်ပီစီ)က တာဝန်ယူလုပ်ကိုင်နေသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားကာ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကွေကျိုးပြည်နယ် ရှားဇီမြို့ရှိ ဓာတ်ငွေ့ပိုက်လိုင်း**(ယာပုံ)**၌ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများက ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ရသည့် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပေးခဲ့ပြီး ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းတာဝန်ရှိသူများက ပြောကြားကြသည်။

၂၀၁၆ ခုနှစ်အတွင်းကလည်း တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ဓာတ်အားပေးစက်ရုံ၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ၂၁ ဦးထက်မနည်းသေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**



# ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလှောင်တမံများ တည်ဆောက်ပေးခဲ့ခြင်းဖြစ်

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ်ရှိ နိုင်ငံ့ဘဏ္ဍာငွေ ဘီလီယံပေါင်းများစွာ အကုန်ကျခံတည်ဆောက်ထားသည့် ရေလှောင်တာတမံကြီးများအား နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးပြုနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြိုင်းချောင်း၊ ဇီးချောင်းနှင့် မင်းသားချောင်း ရေလှောင်တမံများကို တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒေသတွင်းရှိ လယ်သမားများအနေဖြင့် အဆိုပါရေလှောင်တမံများ၏ ဆည်ရေသောက်ဧရိယာများတွင် နွေစပါးသီးထပ်(သို့) အခြားတွက်ခြေကိုက်သီးနှံများ ရေသွင်းစိုက်ပျိုးမည်ဆိုပါက လိုအပ်သောစိုက်ပျိုးရေကို ပေးဝေနိုင်ရန် စီမံဆောင်ရွက်ထားပါကြောင်း၊ ဒေသတွင်း သောက်သုံးရေလိုအပ်ချက်အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ရေချိုရရှိရန်ခက်ခဲသည့် ပင်လယ်နှင့်နီးစပ်သော ကျေးရွာများအတွက် စက်တပ်ရေနက်တွင်းကြီးများ တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပင်လယ်နှင့်နီးသော ကျေးရွာများတွင် ဘူမိရူပနည်းစနစ်ဖြင့် မြေအောက်ရေ တိုင်းတာလေ့လာစမ်းသပ်မှုအရ အနက်ပိုင်းရောက်ပါက ရေချိုရရှိရန် အလားအလာနည်းပါးပါကြောင်း၊ စက်ရေတွင်းတူးဖော်ရာတွင်လည်း သောက်သုံးရေရရှိနိုင်မှုအခြေအနေသိရှိနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြေအောက်ရေတိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်လျက်ရှိပါကြောင်း။



ကျောက်တော်မဲဆန္ဒနယ်မှ
ဦးဦးထွန်းဝင်း



ဒုတိယဝန်ကြီး
ဦးလှကျော်

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့ဒေသအတွင်း လိုအပ်ချက်အရ တိုင်းတာပေးရန် ညှိနှိုင်းဆောင်ရွက်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေချိုရရှိရန် အလားအလာနည်းသော ဒေသများတွင် စက်ရေတွင်းတူးဖော်မည်ဆိုပါက အငန်ဓာတ်ပေါက်ပြီး ရေချိုမရရှိတတ်သဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း သို့မဟုတ် ရေချိုရရှိနိုင်သော အခြားနေရာများမှ ရေရယူခြင်းနည်းလမ်းတို့ဖြင့် ရေချိုရရှိနိုင်အောင် ဆောင်ရွက်နိုင်ပါကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအားစိစစ်ပြီး နှစ်အလိုက်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင် (၁)ဦးပေါင်းတို့၏ မေးခွန်းများကိုလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း**အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သဘောထားကွဲလွဲသည့် အချက်(၁၃)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

# တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်စပ်မြို့များ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **တမူးမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော ကသည်းသူပုန်များအား ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ် ရှိ၊ မရှိ** သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တမူးမြို့နယ်အတွင်း ပေါက်ကွဲမှုများမှာ လက်လုပ်အသံမိုင်းများကြောင့် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း ဖြစ်လေ့ဖြစ်ထရှိသည့် အနေအထားဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အချိန်အထိ လက်နက်ကိုင်ဝင်ရောက်မှု ၂၉ ကြိမ်အား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှင့် လုံခြုံရေးအဖွဲ့များမှ သတင်းဖလှယ်မှုဖြင့် လုံခြုံရေးအား အပြည့်အဝ ဆောင်ရွက်လျက်ရှိပါကြောင်း။

တမူးမြို့နယ်အတွင်းနှင့် နယ်စပ်တစ်လျှောက်တွင် တစ်ဖက်နိုင်ငံ အခြေပြုသောင်းကျန်းသူများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု မရှိစေရေးနှင့် မြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားမှု မရှိစေရေးအတွက် နယ်စပ်ဂိတ်များမှလွဲ၍ နယ်စပ်မြို့များတွင် မသင်္ကာဖွယ်ရာများအား နေ့ညစစ်ဆေးရန် ကိစ္စများသည် အခြေအနေအချိန်အခါနှင့် အခြားကန့်သတ်ချက်များစွာရှိသော်လည်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်စပ်မြို့များ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်



မဲဆန္ဒနယ် အမှတ်(၉)
ဦးမောင်မောင်လတ်



မဲဆန္ဒနယ်အမှတ်(၇)
ဒေါက်တာပြည့်ဖြိုး

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ၊ အဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့် နိုင်ငံတော်သမ္မတရုံး၏ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်နှင့်အညီ အမျိုးသားလွှတ်တော်တွင် ကော်မတီများဖွဲ့စည်းစဉ်က သတ်မှတ်ပေးထားသော ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် မူဘောင်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **တာတမံဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာမျိုးအောင်က ဖတ်ကြားတင်ပြသည်။

**တာတမံဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏သဘောထားကို ရယူအတည်ပြုသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)** အား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှငွေး(ခ) ဒေါ်အုန်းကြည်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ဇူလိုင် ၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း ကြေညာသည်။

**သူရဇော်၊ မွေးကြူဇင် (သတင်းစဉ်)**

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန(၁၉)ဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် (၁၁)ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဝန်ကြီးဌာနများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနများအလိုက် ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# စီးထွက်နေသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ကြိုမြင်သင့်သည့်အနာဂတ်

## စောနိုင်(အသုံးချဘောဂဗေဒ)

**နိုင်ငံရပ်ခြားဒေသသို့ ထွက်ခွာအလုပ်လုပ်လိုသူ တိုးပွားလာနေ**

လွန်ခဲ့သောနှစ်လလောက်က ပုဂ္ဂလိကသတင်းစာတစ်စောင်တွင် နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ရန်အတွက် လူငယ်လူရွယ်များ အလုအယက် လျှောက်လွှာဝယ်နေကြသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုမိသည်။ သတင်းနှင့်အတူ ရုံးတစ်ရုံး၏တံခါးပေါက်ဝ၌ လူများစွာ အလုအယက် တိုးဝှေ့နေကြသည့် သတင်းဓာတ်ပုံကို တွေ့ရသည်။ မြင်ကွင်းမှာ ကြည့်၍ပင်မကောင်း။ ကိုရီးယားနိုင်ငံတွင် သွားရောက်အလုပ်လုပ်လိုသူများ အရည်အချင်းစစ်စာမေးပွဲဖြေဆိုနိုင်ရေး လျှောက်လွှာဝယ်ယူရန် တိုးတိုးကြိတ်ကြိတ်ဖြစ်နေကြသည့်ပုံဖြစ်သည်။ အဘယ်ကြောင့် ဤကဲ့သို့ အသည်းအသန်ဖြစ်နေရသနည်းဆိုသည်ကို မြန်မာနိုင်ငံသားများအတွက် မေးစရာပင်မလို၊ သိရှိပြီးဖြစ်သော်လည်း မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သည့် နိုင်ငံခြားသားခရီးသည်များသာ တွေ့မြင်ခဲ့ပါလျှင် တအံ့တဩဖြင့် မေးခွန်းများ မေးလာနိုင်သည်။

ဤအခြေအနေမျိုးသည် စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ထူးခြားသောကိစ္စမဟုတ်ပေ။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော၊ လုပ်ခလစာနည်းပါးသော စီးပွားရေးအဆောက်အအုံထဲ၌ စီးပွားရေးကောင်းသည့်နိုင်ငံရပ်ခြားဒေသသို့ ထွက်ခွာကာ အလုပ်လုပ်လိုသူဦးရေသည် တစ်နေ့တခြား တိုးပွားလာလျက်ရှိနေသည်။ မြန်မာနိုင်ငံသည်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်နေသည့်တိုင် အလုပ်အကိုင် အခွင့်အလမ်းတိုးပွားမှု အကျိုးသက်ရောက်မှုများက ဖြစ်ပေါ်ခြင်းမရှိသေး၊ လုပ်ခလစာမှာလည်း နည်းပါးလွန်းနေသေးသည့် နိုင်ငံဖြစ်သည်။

ထို့ကြောင့် အာရှဒေသတွင်းရှိ စီးပွားရေးကောင်းမွန်သည့်နိုင်ငံ၊ သွားရောက်မည့် ကုန်ကျစရိတ် အသင့်အတင့်သာရှိသည့်နိုင်ငံဖြစ်သော ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ များပြားနေခြင်းဖြစ်သည်။ အကန့်အသတ်ရှိသော လျှောက်လွှာအရေအတွက်နှင့် များပြားလွန်းသည့် ဝယ်ချင်သူများကြောင့် ဤအခြေအနေမျိုး ဖြစ်သွားရသည် ထင်သည်။ မြင်ကွင်းသည် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်လိုသည့် ဦးရေများပြားသည်ကို ပြသနေသည်။ အခြေခံကျကျ အကြောင်းရင်းကို စဉ်းစားမိလျှင် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုနှင့် မိသားစုစားဝတ်နေရေး မလုံလောက်၊ မပြေလည်မှုများ စသည့်အခြေခံအကြောင်းတရားများ ပေါ်လာလိမ့်မည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံမှမဟုတ် စီးပွားရေးကောင်းမွန်သည့် အခြားမည်သည့်နိုင်ငံတွင်မဆို သွားရောက်လုပ်ကိုင်လိုသူများ မြန်မာစီးပွားရေးအဆောက်အအုံထဲတွင် တစ်နေ့တခြား တိုးပွားလျက်ရှိနေ၏။ ကုန်ကျစရိတ်နှင့် လွယ်ကူမှုအခြေအနေအပေါ် မူတည်၍ သွားရောက်လိုသည့်နိုင်ငံ ကွာခြားနိုင်သော်လည်း နိုင်ငံခြားထွက်၍ အလုပ်လုပ်ကိုင်လိုသည့် လူဦးရေမှာ တကယ်ပင် များပြားနေသည်မှာ သေချာပေသည်။

**ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြ**

မြန်မာနိုင်ငံ အစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာ (၂၀၁၅)ထဲတွင် နိုင်ငံခြားတွင် ရောက်ရှိနေသူများ၌ အကြောင်းအမျိုးမျိုးရှိသော်လည်း အများစုမှာ အလုပ်လုပ်ရန်ရောက်ရှိနေထိုင်ကြသည်ဟု ဖော်ပြထားသည်။ ထိုစစ်တမ်း၌ပင် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများအကြောင်းအရင်းများလည်း ဖော်ပြထားရာ နိုင်ငံတွင်း ရွှေ့ပြောင်းသွားလာနေရခြင်းသည် အလုပ်အကိုင်အတွက် ၂၅ ရာခိုင်နှုန်းကျော်ရှိနေပြီး မိသားစုအလိုက်ရွှေ့ပြောင်းခြင်း ၅၃ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။ မိသားစုအလိုက် ရွှေ့ပြောင်းမှုနှင့်ဆက်စပ်ပတ်သက်သည့် အကျိုးဆက်များကို တွေးကြည့်ပါက နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်ခြင်းတွင် အဆိုးသတ်ပေမည်။ မိသားစုတွင် ဦးစီးဦးဆောင်ဖြစ်သူ ဖခင်၊ မိခင် သို့မဟုတ် အဓိက ဝင်ငွေရှာဖွေပေးနိုင်သူတို့၏ ဝင်ငွေနှင့် အလုပ်အကိုင် အခြေအနေများကြောင့် ပြည်တွင်း၌ တစ်နေရာမှတစ်နေရာသို့ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြမည်။ ထိုသို့နေထိုင်ရင်း ပြည်တွင်း၌ အခြေအနေမဟန်သည့်အဆုံး နိုင်ငံရပ်ခြားသို့ ထွက်ရန် ခြေလှမ်းပြင်ကြမည်။

အများစုသည် တတ်နိုင်သည့်ငွေကြေးအင်အား၊ မျက်နှာသာပေးလာသည့် အခြေအနေအပေါ်မူတည်၍ ပြည်ပနိုင်ငံများသို့ထွက်၍ အလုပ်လုပ်ရန် အကြောင်းဖြစ်လာသည်ဟု သုံးသပ်ရပေသည်။ အာရှဒေသတွင်းရှိ စီးပွားရေးတောင့်တင်းသည့် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှားတို့အပြင် ဘရူနိုင်းနိုင်ငံတို့သို့လည်းဖြစ်နိုင်သည်။ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်လာသော အိမ်နီးချင်း တရုတ်နိုင်ငံတွင် ရောက်ရှိနေကြပြီ။ အမေရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင်လည်း မြန်မာရွှေ့ပြောင်းအလုပ်သမားတို့ ခြေဆန့်နေခဲ့ကြပြီဖြစ်၏။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်မူ အများဆုံးဖြစ်မည်။ ကုန်ကျစရိတ်သက်သာခြင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သွားရောက်မှု ပိုမိုလွယ်ကူခြင်းတို့ကြောင့်ဖြစ်သည်။ ထိုင်းနိုင်ငံ၌ လုပ်ခလစာမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မမြင့်မားသော်လည်း တစ်ဝမ်းတစ်ခါးအတွက် လုံလောက်ပြီး အနည်းငယ်ပင် စုဆောင်းနိုင်သည့် အခြေအနေမျိုးရှိသဖြင့် ၎င်းတို့ဇာတိနိုင်ငံထက် အခြေအနေကောင်းနေသည်ဟု ဆိုရမည်။ (အချို့လည်း စားဝတ်နေရေးအတွက်ပင် ရုန်းကန်နေရပြီး ပိုလျှံမှုမရှိ၊ အချို့တရားမဝင် သွားရောက်သူများမှာလည်း အသက်ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရသည်များရှိသည်ကိုလည်း ကြားရသည်။)

**အကောင်းအဆိုး သက်ရောက်မှုများရှိနေ**

မည်သို့ပင်ဖြစ်စေ ပြည်တွင်း၌ နိုင်ငံခြားထွက် အလုပ်လုပ်ချင်သူ အများအပြားရှိနေသေးသည်။ သက်ဆိုင်ရာ အစိုးရဌာနသည်လည်း ပြည်ပထွက်ခွာအလုပ်လုပ်ကိုင်သူများအတွက် မူဝါဒများ၊ ဥပဒေများ ချမှတ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးကာ၊ ဝင်ငွေနည်းပါးနေသည့်နိုင်ငံတွင်း၌ ပြည်ပထွက် အလုပ်လုပ်ကိုင်လိုသူများရှိနေသကဲ့သို့ အလုပ်အကိုင် ဖန်တီးပေးနိုင်စွမ်း အားနည်းနေသော အစိုးရအနေဖြင့်လည်း ထိုအခက်အခဲကို ကုစားရန် ပြည်ပထွက် အလုပ်လုပ်လိုသူများကို ဥပဒေနှင့်အညီခွင့်ပြု၍ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသည့် နည်းလမ်းမှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိပေ။ နိုင်ငံခြားဝင်ငွေ၊ အခွန်အခ စသဖြင့် နိုင်ငံလည်း ဝင်ငွေရ၊ နိုင်ငံသားများလည်း အလုပ်ရသည့် နိုင်ငံခြားသို့လုပ်သားစေလွှတ်ရေးကို ဥပဒေနှင့်အညီ မိမိတို့နိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်ရန် အစိုးရအချင်းချင်း အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှုရှိလာသည်။ ဤသို့ အစီအစဉ်များရှိနေသည့်တိုင် သက်ဆိုင်ရာတာဝန်ရှိဌာနများအနေဖြင့် ပြည်တွင်းနိုင်ငံသားများ ပြည်ပထွက်ခွာ အလုပ်လုပ်ခြင်းသည် ကောင်းပါသလားဟူသော မေးခွန်းကို သတိပြုမိပြီးသားဖြစ်ပေလိမ့်မည်။ နိုင်ငံရပ်ခြားသို့ ပြည်တွင်းမှ သွားရောက်အလုပ်လုပ်ကိုင်နေမှုများသည် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေ အရပ်ရပ်အပေါ်တွင် အကောင်းအဆိုး သက်ရောက်မှုများရှိနေသည်။

ပြည်တွင်းမှ အသိပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ကျွမ်းကျင်လုပ်သားများ၊ သာမန်လုပ်သားများအားလုံးသည် ပြည်တွင်းရှိ ၎င်းတို့သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ နယ်ပယ်အသီးသီးမှ ထွက်ခွာ၍ နိုင်ငံရပ်ခြားလုပ်ငန်းများဆီသို့ ရောက်သွားကြသဖြင့် နိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ လျော့ပါးသွားခြင်းဖြစ်ပေါ်လာသည်။ ထိုအခြေအနေသည် နိုင်ငံအတွက် ကြီးမားသော အနုတ်လက္ခဏာဆောင် သက်ရောက်မှုဖြစ်သည်။ အကျိုးဆက်လည်း ကြီးမား၏။ ပြည်တွင်းဈေးကွက်များတွင် အတိုင်းအတာတစ်ခုအထိ ဝယ်လိုအားများကျဆင်း၏။ လူမှုရေးသက်ရောက်မှုများလည်း ရှိလာသည်။ ကလေးငယ်များရှိသော မိသားစုတွင် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သည့် မိခင်၊ ဖခင်များသည် ကလေးငယ်များကိုလည်း ဆွေမျိုးသားချင်း၊ မိအို ဖအိုများထံ၌ ထားရစ်ခဲ့ကြရသည်။

ကလေးငယ်များအနေဖြင့် နုငယ်စဉ်အချိန် မိဘများ၏ နွေးထွေးစွာ စောင့်ရှောက်မှုမခံစားရခြင်း၊ ထိန်းကျောင်းဆုံးမမှုမခံရခြင်း၊ အကျိုးဆက်အားဖြင့် သားသမီးနှင့် မိဘများအကြား ခိုင်မြဲသောမေတ္တာ၊ သံယောဇဉ်မှာ ယခင်က အခြေအနေများကဲ့သို့ မရှိတော့ခြင်း၊ သက်ကြီးရွယ်အို မိအိုဖအိုများမှာလည်း သားသမီးတို့၏ ကိုယ်ထိလက်ရောက်ပြုစုစောင့်ရှောက်မှုကို ခံရမှုနည်းသွားခြင်း စသဖြင့် လူမှုရေးအရ ဆိုးကျိုးသက်ရောက်မှုများလည်းရှိသည်။ ကောင်းကျိုးအနေဖြင့် နိုင်ငံရပ်ခြား အလုပ်လုပ်သူများထံမှ လွှဲပို့ငွေသည် ပြည်တွင်းရှိ မိသားစုများကို များစွာအထောက်အပံ့ဖြစ်စေ၏။ နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေတိုးလာသကဲ့သို့ သက်ဆိုင်သည့်ဌာနများမှ ဝန်ဆောင်ခများ၊ တရားဝင်အခွန်အခများလည်း ရရှိလာနိုင်၏။ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာပါက နိုင်ငံရပ်ခြားလုပ်ငန်းခွင်များမှာ ကျွမ်းကျင်မှုအတွေ့အကြုံကောင်းများကို ပြည်တွင်းလုပ်ငန်းများ၌ ပြန်လည်အသုံးချနိုင်မည်ဖြစ်၏။ ဖော်ပြခဲ့သော သက်ရောက်မှုများမှာ ယေဘုယျရှုမြင်ချက်သာဖြစ်သည်။

**နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံး**

ပြည်ပသို့ထွက်မည့် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ ကာလရှည်တွင် ဖြစ်ပေါ်လာနိုင်မည့် သက်ရောက်မှုများကို ကြိုတင်သိမြင်မှုဖြစ်မည်။ အခြေအနေအရပ်ရပ်ကို ဖြန့်ကြက်စဉ်းစား၍ စီမံဆောင်ရွက်နိုင်မှုဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်း၌ အချိန်များစွာ၊ ငွေကြေးများစွာ ကုန်ကျရင်းနှီးထားသော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်လုပ်သားများ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် လိုအပ်နေသည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနိုင်ခြေများသောကြောင့်ဖြစ်သည်။ ထွက်ခွာသွားသော အသိပညာရှင်၊ အတတ်ပညာရှင် အပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံရပ်ခြားတွင် နေထိုင်လုပ်ကိုင်နေသည့် အချိန်ကာလ ကြာမြင့်လေလေ မိခင်နိုင်ငံက ၎င်းတို့၏ လုပ်အားကို အသုံးပြုရမည့်အချိန် နည်းလေလေဖြစ်သည်။ ထိုပြင် ရွှေ့ပြောင်း လူ့စွမ်းအားအရင်းအမြစ်များ မိခင်နိုင်ငံသို့ပြန်လာမည်၊ မလာမည်မှာ ၎င်းတို့ ဆန္ဒအပေါ်မူတည်သဖြင့် လေ့ကျင့်ပြီးသား၊ ကျွမ်းကျင်မှုရှိ လူ့စွမ်းအားများကို မိခင်နိုင်ငံက ပြန်လည်ရရှိနိုင်ခြေမှာ မသေချာသည့်အနေအထားတွင် ရှိနေခြင်းဖြစ်သည်။ လုံးဝပြန်မလာတော့ပါက နိုင်ငံအတွက် အဖိုးတန်ဦးနှောက်များ ဆုံးရှုံးသွားရပြီဖြစ်သည်။ Brain drain ဟုခေါ်သည့် နိုင်ငံနစ်နာရသော ဦးနှောက်ယိုစီးမှုဖြစ်မည်။ သာမန်လုပ်သားများ ပြန်မလာခဲ့ပါကလည်း ၎င်းတို့ရောက်ရှိခဲ့ရာ နိုင်ငံရပ်ခြားရှိကဏ္ဍနယ်ပယ်အသီးသီး အတွေ့အကြုံများကို ပြည်တွင်း၌ အသုံးချနိုင်စွမ်းရှိတော့မည်မဟုတ်တော့ပေ။ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်းပင်ဖြစ်၏။

နိုင်ငံတစ်နိုင်ငံ ပြန်လည်ထူထောင်ရာတွင် ငွေကြေးအရင်းအနှီး မည်မျှပင်ရှိစေ၊ မည်မျှပင် နည်းပညာများ တိုးတက်ထွန်းကားသည်ဖြစ်စေ ရရှိပြီးသားဖွံ့ဖြိုးမှု တည်တံ့နေရေးအတွက်သာမက အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သာလျှင် အဓိကကျသည်။ ထို့ကြောင့် နိုင်ငံရပ်ခြား အလုပ်အကိုင်များကို ပိုမိုအာရုံကျ၍ ပြည်တွင်းမှ ထွက်ခွာရန် စိတ်အားထက်သန်နေသည့် လူဦးရေများပြားနေသော နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြေအနေအရပ်ရပ်ကို သတိပြုဆောင်ရွက်သင့်သည်။ နိုင်ငံရပ်ခြားလုပ်သားတင်ပို့သည့် ပမာဏများပြား၍ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးကာ Brain drain ခံစားနေရသည့် ဖိလစ်ပိုင်နိုင်ငံအား နမူနာယူသင့်သည်။ နိုင်ငံရပ်ခြားထွက်ခွာသူ များပြားခဲ့သော်လည်း ခေတ်ပညာတတ်၊ ကျွမ်းကျင်ရွှေ့ပြောင်းလုပ်သားများကို ပြန်လည်ဆွဲဆောင်ထိန်းသိမ်းနိုင်ခဲ့ပြီး Brain gain အဖြစ်ရခဲ့သည်ဆိုသော တရုတ်နိုင်ငံကိုလည်း အတုယူသင့်ပေသည်။

သည် အီကိုနောမစ် (The Economist) မဂ္ဂဇင်းထဲတွင် လွန်ခဲ့သည့် ၁၀ နှစ်ခန့်အချိန် ၂၀၀၇ ခုနှစ်က ရေးသားထားသည့် အာဆီယံဒေသအတွင်း ဖြစ်ပေါ်နေသော ရွှေ့ပြောင်းလုပ်သားများ အခြေအနေများနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်မိသည်။ ထိုဆောင်းပါးထဲ၌ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုတို့သည် လုပ်သားတင်ပို့သည့် နိုင်ငံများဖြစ်ပြီး စင်ကာပူနှင့် ဘရူနိုင်းတို့သည် လုပ်သားတင်သွင်းသည့် နိုင်ငံများဖြစ်သည်။ ထိုင်းနှင့် မလေးရှားနှစ်နိုင်ငံမှာ လုပ်သားတင်ပို့ခြင်းနှင့် တင်သွင်းခြင်း နှစ်မျိုးစလုံး ပြုလုပ်လျက်ရှိသည်ဟု ရေးသားထားသည်။ နောက် ၁၀ နှစ်ခန့်အကြာ ထိုနိုင်ငံများတွင် လုပ်သားအင်အား သုံးပုံ၊ တစ်ပုံ တိုးလာနိုင်ပြီး တရားမဝင်၊ တရားဝင်ရွှေ့ပြောင်းလုပ်သားအင်အားမှာလည်း နှစ်ဆခန့်တိုးလာမည်ဟုလည်း ကြိုတင်ခန့်မှန်းထားဖူး၏။ ထိုအချိန်မှစ၍ ၁၀ နှစ်ကြာသည့်အချိန် ယခုရောက်ခဲ့ပြီ။ အခြားနိုင်ငံများ အခြေအနေမည်သို့ရှိသည်ကို သေချာစွာမသိရသော်လည်း မြန်မာ့စီးပွားရေးအဆောက်အအုံထဲတွင်မူ ယခင်ကထက် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်လိုသူများ ပိုမိုများပြားလာနေသည်ကို လက်တွေ့ မြင်တွေ့နေရပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ဖေဖော်ဝါရီလအထိ ကာလ၌ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားဦးရေမှာ စုစုပေါင်း တစ်သိန်းခြောက်သောင်းကျော်ရှိပြီး ထိုင်းနိုင်ငံတွင် အများဆုံးဖြစ်သည်ဟု သိရ၏။

**နိုင်ငံပြုပြင်တည်ဆောက်ရေးအတွက် ရင်လေးစရာ**

ပိုမိုသတိထား လေ့လာရမည့်အခြေအနေများလည်း ဖြစ်လျက်ရှိသည်။ တရားဝင်ပြုလုပ်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမား စစ်တမ်းထဲတွင် နိုင်ငံရပ်ခြားနေထိုင်သူများမှာ ပျမ်းမျှအသက်(၂၆)နှစ်ဖြစ်သည်ဟု ဖော်ပြထားသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ရေး၊ တည်ဆောက်ရေးအတွက် အားစိုက်ဆောင်ရွက်နိုင်သော လူငယ် လူရွယ် ဦးရေများစွာ နိုင်ငံရပ်ခြားသို့ထွက်ခွာလျက်ရှိသည်ကို ထိုအချက်က ပြနေသည်။ နိုင်ငံ၏ရိက္ခာနှင့် ပို့ကုန်ကဏ္ဍအားထားရာ၊ လူဦးရေ ရာခိုင်နှုန်း ၇၀ ဝန်းကျင် မှီခိုနေသည့် လယ်ယာကဏ္ဍအခြေတည် ကျေးလက်တောရွာများတွင် လူငယ် လူရွယ် အလွန်နည်းပါးလာ၏။ အမျိုးသမီးရွှေ့ပြောင်းလုပ်သားဦးရေ ယခင်ကထက် ပိုမိုများပြားလာ၏။ ထိုထက်ပိုဆိုးသည်မှာ ပညာအရည်အချင်းနည်းပါး၍ ရိုးသားသော တိုင်းရင်းသားအမျိုးသမီးငယ်လေးများပါ နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံရပ်ခြားသို့ ယခင်ကထက် ပိုမိုထွက်ခွာလာကြခြင်းဖြစ်သည်။ ကြိုတင်တွေးပူတတ်ပါက ဤအခြေအနေများသည် အနာဂတ် နိုင်ငံပြုပြင်တည်ဆောက်ရေးအတွက် ရင်လေးစရာများဖြစ်ပေသည်။

နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသူများသည့် မြန်မာများကို နိုင်ငံခြားသားများကြားတွင် ရွှေဟုခေါ်လေ့ရှိသည်။ "ရွှေ"မြန်မာတို့ ငွေမျက်နှာအတွက် နိုင်ငံတကာ လှည့်လည်နေကြပြီ။ အခက်အခဲအမျိုးမျိုး ကြုံသည်လည်းရှိသည်၊ အဆင်ပြေသည်လည်းရှိသည်။ ပင်ပန်းကြီးစွာ လုပ်ကိုင်နေကြရသည်လည်းရှိသည်။ ဘေးဒုက္ခမျိုးစုံကြုံကာ အသက်အန္တရာယ် ထိခိုက်သွားသည်အထိ ဆုံးရှုံးနစ်နာသွားသည်များလည်း ရှိပေသည်။ သို့သော် "ရွှေမြန်မာ"တို့ "ငွေအသပြာ"ကြောင့် တစ်ရွာမပြောင်း သူကောင်းမဖြစ် မြန်မာ့စကားပုံကို လက်ကိုင်ပြုရင်း ထွက်ခွာနေကြဆဲ။ နိုင်ငံတော်အစိုးရကလည်း စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ မိမိနိုင်ငံသားများ အလုပ်သမားအခွင့်အရေး မနစ်နာ၊ မဆုံးရှုံးစေရေး အားထုတ်ဆောင်ရွက်နေကြဆဲ။

**နိုင်ငံ့စီးပွားရေးအတွက် မျက်စိတစ်ဆုံးထက်ပင် ကျော်လွန်ကြည့်မြင်နိုင်သည့် မူဝါဒများဖြင့် ကြိုတင်ပြင်ဆင်ထားမှ**

ဖွံ့ဖြိုးဆဲနိုင်ငံတိုင်း အလုပ်လက်မဲ့ပြဿနာ၊ ရွှေ့ပြောင်းလုပ်သားများကိစ္စများရှိသည်မှာ အဆန်းမဟုတ်သော်လည်း နိုင်ငံ့ကုန်ထုတ်မှုတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားထုတ်ရေးတွင် အဓိကအကျဆုံး လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံတွင်းမှ ပြည်ပသို့ စီးထွက်နေသည်ဟု သဘောပေါက်၍ ဦးနှောက်ယိုစီးမှု(Brain Drain)ခေါ်သည့် နိုင်ငံနစ်နာသည့် အခြေအနေမှ ဦးနှောက်အကျိုးအမြတ်ဖြစ်ထွန်းမှု (Brain gain)ဆိုရမည့် နိုင်ငံအတွက် အကျိုးကျေးဇူးဖြစ်လာစေရေးအတွက် နိုင်ငံ့စီးပွားရေးအတွက် မျက်စိတစ်ဆုံးထက်ပင် ကျော်လွန်ကြည့်မြင်နိုင်သည့် မူဝါဒများဖြင့် ကြိုတင်ပြင်ဆင်ထားမှ ဖြစ်ပေမည်။

ပြည်တွင်းတွင် နည်းလမ်းအမျိုးမျိုးဖြင့် အလုပ်အကိုင် အခွင့်အလမ်းပေါ်ထွက်လာရေး ဖန်တီးကြရမည်။ စီးပွားရေးကဏ္ဍအလိုက် ရှိနေပြီးသော လုပ်ငန်းများ ရှင်သန်နိုင်ရေး၊ အိမ်တွင်းမှုလုပ်ငန်းငယ်လေးများ၊ အသေးစား၊ အလတ်စားလုပ်ငန်းလေးများ ပိုမိုပေါ်ထွက်လာရေး သက်ဆိုင်ရာဌာနအသီးသီးမှ အပြန်အလှန် ချိတ်ဆက်၊ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ အလုပ်သမားများ၏ ကျွမ်းကျင်မှု၊ ပညာရပ်အမျိုးအစား၊ အဆင့်အတန်းအလိုက် ထိုက်တန်သည့် လုပ်ခလစာပမာဏဖြင့် ကမ်းလှမ်းလာနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ကြရပေမည်။ ကြိုတင်မြင်နိုင်သော အနာဂတ်အတွက် အမြန်အဆန် ပြင်ဆင်အားထုတ်ရန်သာ ဖြစ်ပေသည်။ ။

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



ဟောင်ကောင်ကျွန်းက တရုတ်နိုင်ငံနဲ့ ပြန်လည်ပေါင်းစည်းခဲ့တာက ၁၉၉၇ ခုနှစ်မို့ အခုဆိုရင် ဒီလိုပြန်လည်ပေါင်းစည်းမှုဟာ နှစ်ပေါင်း၂၀ ရှိသွားပါပြီ။ ဒီနှစ်ပေါင်း ၂၀ အတွင်း အရေးကြီးတဲ့ဖြစ်ရပ်တွေကို ပြန်ကြည့်ကြရအောင်ပါ။

တကယ်ဆိုရင် ဟောင်ကောင်ကျွန်းဟာ ဗြိတိသျှကိုလိုနီအဖြစ် နှစ်ပေါင်း ၁၅၆ နှစ် နေခဲ့ရတာပါ။ ၁၉၉၇ ဇူလိုင်လ ၁ ရက်နေ့မှာ ဟောင်ကောင်ကျွန်းက တရုတ်နိုင်ငံနဲ့ ပြန်လည်ပေါင်းစည်းခဲ့တဲ့အခါ တရုတ်နိုင်ငံရဲ့ အထူးအုပ်ချုပ်ခွင့်ရဒေသအဖြစ် ရပ်တည်ခဲ့တာပါ။ "နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်မျိုး"ဆိုပြီး ကမ္ဘာကျော်ခဲ့တာပါ။ Asia Times မဂ္ဂဇင်းက ဒီနှစ် ၂၀ အတွင်း အရေးကြီးတဲ့ဖြစ်ရပ်တွေ စုစည်းတင်ပြခဲ့တာကို ပြန်လည်တင်ပြမှာပါ။

### ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁ ရက်

"နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်မျိုး"ဆိုတဲ့ စကားနဲ့အညီ ဟောင်ကောင်က တရုတ်နိုင်ငံရဲ့ အထူးအုပ်ချုပ်ခွင့်ရဒေသအဖြစ် ရပ်တည်ခဲ့ချိန်မှာ ကျန်တရုတ်နိုင်ငံတစ်နိုင်ငံလုံးမှာ မရတဲ့လွတ်လပ်ခွင့်မျိုးကို ရခဲ့တာပါ။ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ ဟောင်ကောင်ပြည်သူငါးသိန်းဟာ အမျိုးသားလုံခြုံရေးဥပဒေပုဒ်မ (၂၃) ကို ဆန့်ကျင်ပြီး ချီတက်ဆန္ဒပြခဲ့တာပါ။ ဆန္ဒပြပြည်သူတွေက ဒီပုဒ်မကြောင့် သူတို့ရရှိခံစားနေရတဲ့ ပြည်သူ့အခွင့်အရေးတွေ ဆုံးရှုံးသွားမှာကို စိုးရိမ်ပူပန်နေကြတာပါ။ ဒီဥပဒေကို ဟောင်ကောင်အစိုးရက ၂၀၀၂ ခုနှစ် စက်တင်ဘာလမှာ ဥပဒေကြမ်းအဖြစ် တင်ပြခဲ့တာပါ။ ပြောရရင် ဒီဥပဒေက နိုင်ငံတော်ကို သစ္စာဖောက်တာ၊ ခွဲထွက်တာ၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေတာ၊ အဖျက်အမှောင့်လုပ်ရပ်တွေကို ဆောင်ရွက်တာ စတာစတာတွေကို ပိတ်ပင်ဟန့်တားထားတာပါ။

### ၂၀၀၃ ခုနှစ် မတ်လ

တရုတ်နိုင်ငံနဲ့ ပြန်လည်ပေါင်းစည်းကတည်းက ဟောင်ကောင်ကျွန်းရဲ့အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့တဲ့ တန်ချီဟွာဟာ သူ့ရဲ့အုပ်ချုပ်ကိုင်တွယ်ပုံအပေါ် ဝေဖန်မှုတွေ တိုးပွားနေချိန်မှာ နုတ်ထွက်ခဲ့ပါတယ်။ တန်ချီဟွာက ကျန်းမာရေးအကြောင်းပြချက်နဲ့ နုတ်ထွက်ခဲ့တာပါ။ တန်ချီဟွာရဲ့နေရာမှာ ဒေါ်နယ်ဆမ်ရမ်ကွန်းက ဆက်ခံခဲ့ပါတယ်။

### ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း(WTO)ရဲ့ ထိပ်သီးအစည်းအဝေး ဟောင်ကောင်မှာ ကျင်းပတော့မယ့်အချိန်မှာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်သူတွေဟာ စုဝေးဆန္ဒပြခဲ့ကြပါတယ်။ ထိပ်သီးအစည်းအဝေးကျင်းပခဲ့တဲ့ ခြောက်ရက်တာကာလအတွင်း ဆန္ဒပြသူတွေနဲ့ ရဲတပ်ဖွဲ့အကြား ထိပ်တိုက်ရင်ဆိုင်တိုးမှုတွေဟာ မကြာခဏဆိုသလို အကြမ်းဖက်မှုအသွင်ပြောင်းလဲသွားတာတွေရှိပါတယ်။ ရဲတပ်ဖွဲ့က ဆန္ဒပြသူတွေကို ငရုတ်ကောင်းမှုန့်တွေဖျန်းပြီး ဖြိုခွဲတဲ့နည်းကို သုံးခဲ့ပါတယ်။

### ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁ ရက်

ဟောင်ကောင်ကျွန်းက အထူးအုပ်ချုပ်ခွင့်ရဒေသအဖြစ် ရပ်တည်ခဲ့တဲ့ ၁၀ နှစ်မြောက်မှာ တရုတ်သမ္မတ ဟူကျင်းတောင်ဟာ ဟောင်ကောင်ကို လည်ပတ်ခဲ့ပါတယ်။ ဟောင်ကောင်ကမ်းနားမှာ မီးရှူးမီးပန်း ပစ်လွှတ်ခဲ့တဲ့ အခမ်းအနားကို ပြည်သူလေးသောင်း တက်ရောက်ခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဟောင်ကောင်မြို့ရဲ့ လမ်းတွေမှာ ပြည်သူ ၆၈၀၀၀ လောက်က နိုင်ငံရေးလွတ်လပ်ခွင့်တွေပိုပေးဖို့ တောင်းဆိုခဲ့ပါတယ်။

### ၂၀၁၂ ခုနှစ် ဇူလိုင်-စက်တင်ဘာ

ကျောင်းတွေမှာ အမျိုးသားပညာရေးကို မသင်မနေရ ပြဋ္ဌာန်းဖို့ စီစဉ်လာတဲ့အခါ ဟောင်ကောင်ပြည်သူတွေဟာ တရုတ်အစိုးရက မျိုးဆက်သစ်ဟောင်ကောင်ပြည်သူတွေကို တရုတ်အစိုးရရဲ့ မူဝါဒအတိုင်းလိုက်နာလာအောင် ကြိုးပမ်းတယ်ဆိုတဲ့ စိုးရိမ်ချက်နဲ့ ဆန္ဒပြခဲ့ကြပါတယ်။

### ၂၀၁၄ ခုနှစ် ဧပြီလ ၂၃ ရက်

ဟောင်ကောင်ထုတ်နေ့စဉ်သတင်းစာ Ming Pao ရဲ့ အယ်ဒီတာချုပ်ဟောင်း ကယ်ဗင်လာချန်း အတိုက်အခိုက်ခံရပြီး ဆေးရုံတင်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်ကြောင့် ကြီးမားတဲ့ လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပြီး ဟောင်ကောင်ကျွန်းရဲ့ သတင်းမီဒီယာလွတ်လပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး ကျယ်ပြန့်တဲ့ ဆွေးနွေးမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

### ၂၀၁၄ ခုနှစ် ဇွန်လ ၂၉ ရက်

ရှစ်သိန်းနီးပါးရှိတဲ့ ဟောင်ကောင်ပြည်သူတွေဟာ အရွယ်ရောက်ပြီးသူတိုင်း ဆန္ဒမဲပေးခွင့်နဲ့ ပတ်သက်ပြီး တရားမဝင်ကျင်းပခဲ့တဲ့ လူထုဆန္ဒခံယူပွဲမှာ ပါဝင်ဆန္ဒမဲပေးခဲ့ပါတယ်။ ဒီလိုဆန္ဒလာပေးတဲ့ ပြည်သူတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က အနာဂတ်ဟောင်ကောင်အကြီးအကဲ ရွေးချယ်တင်မြှောက်ပွဲတွေရဲ့ ဆန်ခါတင်ကိုယ်စားလှယ်တွေထဲက အပြီးသတ်တစ်ဦးကိုရွေးချယ်တဲ့အခါ လူထုဆုံးဖြတ်ပိုင်ခွင့်ရှိသင့်တယ်လို့ ဆန္ဒပြုခဲ့ကြပါတယ်။ တရုတ်အစိုးရကတော့ ဒီလူထုဆန္ဒခံယူပွဲကို တရားမဝင်ဘူးလို့ ပြောဆိုရှုတ်ချခဲ့ပါတယ်။

### ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်

"ဗဟိုအချက်အချာသိမ်းပိုက်ကြ" ဆိုတဲ့ ဒီမိုကရေစီလိုလားတဲ့ ဟောင်ကောင်အုပ်စုက ကြီးမှူးပြီး ကြီးမားတဲ့ လူထုအန်တုလှုပ်ရှားမှုတစ်ရပ်ကို လှုံ့ဆော်ဖန်တီးခဲ့ပါတယ်။ ဒီလူထုအန်တုလှုပ်ရှားမှုရဲ့ ရည်ရွယ်ချက်က တရုတ်နိုင်ငံအနေနဲ့ ဟောင်ကောင်ကျွန်းကို နိုင်ငံရေးလွတ်လပ်ပိုင်ခွင့်ပိုပေးဖို့ပါ။ ထီးလှုပ်ရှားမှု (Umbrella Movement)လို့ ရည်ညွှန်းပြောဆိုကြတဲ့ ဒီလှုပ်ရှားမှုရဲ့ အထွတ်အထိပ်ကာကာလမှာ ပြည်သူတစ်သိန်းကျော်က လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြပါတယ်။ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသရဲ့သမိုင်းတစ်လျှောက်မှာ အပြင်းထန်ဆုံးဆန္ဒပြလှုပ်ရှားမှုပါ။ ဒီလူထုအန်တုလှုပ်ရှားမှုကို ဖြစ်ပေါ်စေခဲ့တဲ့ အခြေခံအကြောင်းရင်းကတော့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ တရုတ်အစိုးရက ဘယ်လိုပုဂ္ဂိုလ်တွေပဲ ဟောင်ကောင်အကြီးအကဲအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိတယ်ဆိုတဲ့ ကန့်သတ်ချက်ကို ထုတ်ပြန်ခဲ့လို့ပါ။

### ၂၀၁၅ ခုနှစ် အောက်တိုဘာ-ဒီဇင်ဘာ

Causeway Bay စာအုပ်တိုက်ရဲ့ ဝန်ထမ်းငါးဦးဟာ တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံကို လည်ပတ်သွားလာနေစဉ်မှာ ပျောက်ခြင်းမလှပျောက်ဆုံးခဲ့ပါတယ်။ ဒီလိုပျောက်ဆုံးမှုဟာ ဟောင်ကောင်လူထုကို တုန်လှုပ်စေခဲ့ပါတယ်။ နိုင်ငံတကာကလည်း ဒီဖြစ်ရပ်ဟာ ပြည်မအခြေစိုက် တရုတ်လုံခြုံရေးအရာရှိတွေက ဟောင်ကောင်မြို့သူမြို့သားတွေကို ပြန်ပေးဆွဲတာမျိုးဖြစ်နေမလားဆိုပြီး စိုးရိမ်ပူပန်ခဲ့ကြပါတယ်။ စာအုပ်တိုက်ဝန်ထမ်းငါးဦးပျောက်ဆုံးမှုဟာ ဒီလိုပြန်ပေးဆွဲမှုမျိုးသာ ဖြစ်ခဲ့ရင်တော့ "တစ်နိုင်ငံ၊ စနစ်နှစ်မျိုး"ဆိုတဲ့ အခြေခံမူကို ချိုးဖောက်ရာရောက်သလို ဟောင်ကောင်ရဲ့အခြေခံဥပဒေကို ဖောက်ဖျက်ရာလည်းရောက်သွားမှာပါ။

### ၂၀၁၆ ခုနှစ် နိုဝင်ဘာလ

ကျမ်းသစ္စာကျိန်ဆိုရတဲ့ အခမ်းအနားမှာ ဒီမိုကရေစီရေးလိုလားတဲ့ လွတ်လပ်တဲ့ ဥပဒေပြုအမတ်နှစ်ဦးက တရုတ်နိုင်ငံအပေါ်သစ္စာရှိရမယ်ဆိုတာကို ကျမ်းသစ္စာကျိန်ဆိုဖို့ ငြင်းဆန်ခဲ့တဲ့အတွက် ဥပဒေပြုအမတ်တွေအဖြစ်က ရုပ်သိမ်းခံခဲ့ရပါတယ်။ ဒီအမတ်နှစ်ဦးကတော့ ရာဝေချင်းနဲ့ ဘာဂျီရိုလွင်တို့ပါ။

### ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ

ဟောင်ကောင်အကြီးအကဲဟောင်း ဒေါ်နယ်ဆမ်ရမ်ကွန်းကို ထောင်ဒဏ်လ ၂၀ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ လုပ်ငန်းရှင်တစ်ဦးကို ရုပ်သံလွှင့်ခွင့်လိုင်စင်ချပေးခဲ့ပြီး အပေးအယူအနေနဲ့ တရုတ်နိုင်ငံထဲမှာ ဇိမ်ခံကွန်ဒိုတိုက်ခန်းတစ်ခန်းရယူခဲ့လို့ပါ။

ဒီဖြစ်ရပ်တွေကို ကြည့်လိုက်ရင်ကိုပဲ Asia Times မဂ္ဂဇင်းက ဒီမိုကရေစီရေးလှုပ်ရှားမှုတွေအပေါ် အခြေခံပြီး ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသရဲ့ ထူးခြားဖြစ်စဉ်တွေကို ရွေးချယ်ခဲ့တယ်ဆိုတာက ထင်းခနဲပေါ်လွင်နေပါတယ်။

## အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့တွင် PU အသင်း ဂိုးပြတ်နိုင်

**ဘန်ကောက် ဇူလိုင် ၃**

၂၀၁၇ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲအုပ်စု ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာကလပ် PU အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

PU အသင်းသည် ဘရူနိုင်းကလပ် Shah United အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာကလပ် PU အသင်းသည် အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်း(ထိုင်း)၊ ပါမာတာ(အင်ဒိုနီးရှား)၊ Shah United (ဘရူနိုင်း)တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(ခ) တွင် သြစတြေးလျ၊ ဗီယက်နမ်၊လာအိုနှင့်မလေးရှားကလပ်အသင်းတို့ ပါဝင်နေသည်။ PU အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၄ ရက်တွင် လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

PU အသင်းသည် ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို သုံးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ယခင်နှစ်ကြိမ်တွင် MIC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ နှစ်ကြိမ်စလုံး တတိယဆုရရှိခဲ့သည်။

**(ရဲရင့်ရှိုင်း)**

○ ကျောဖုံးမှ

ဖြိုးထက်ကိုကို(မန္တလေး)အား အမှတ်ဖြင့်လည်းကောင်း၊ သက်ပိုင်ဖြိုးကိုဦး(တနင်္သာရီ)က အောင်လှိုင်မြင့်(မကွေး)အား ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ မျိုးမင်းဟန်(ခ) အောင်နိုင်ဦး(ကရင်)က စောအောင်နိုင်ဦး(ပဲခူး)အား ဒုတိယအချီတွင် အလဲထိုး၍လည်းကောင်း၊ စိုးမင်းသိန်း(မွန်ပြည်နယ်)က ကောင်းမြတ်သူ(ကယား)အား ပထမအချီတွင်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

လူသစ်တန်း (၅၁)ကီလိုတွင် ကျားရာဇာ(ခ)အောင်နိုင်ဦး(ကရင်)က ဖိုးလပြည့်(ရန်ကုန်)အား ပထမအချီတွင် အလဲထိုး၍လည်းကောင်း၊ ဝင်းကိုထက်(မွန်ပြည်နယ်)က မင်းဇော်(တနင်္သာရီ)အား အမှတ်ဖြင့်လည်းကောင်း၊ ဇော်ထိုက်(ဧရာဝတီတိုင်းဒေသကြီး)က အောင်ငဲ(ကယားပြည်နယ်)အား တတိယအချီတွင်လည်းကောင်း၊ ရာဇာမင်း(ကချင်)က ထွန်းမင်းထက်(စစ်ကိုင်း)အား အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ထို့နောက် လူသစ်တန်း(၅၄)ကီလိုတွင် လွင်ဦးအောင် (မွန်ပြည်နယ်)က သန့်ဇင်စိုး(တနင်္သာရီ)အား ပထမအချီတွင် အလဲထိုး၍လည်းကောင်း၊ (၅၇) ကီလိုတွင် ဇော်ဝင်းပိုင်(ခ) အောင်ပိုင်(ကရင်)က တင်ထွန်းအောင် (ကချင်)အား အမှတ်ဖြင့်လည်းကောင်း၊ ခိုင်အောင်မိုး(ရန်ကုန်)မှာ လာရောက်ထိုးသတ်ခြင်းမရှိသည့်အတွက် ဇော်ထက်အောင်(စစ်ကိုင်း)က လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ယင်းနောက် (၆၀) ကီလိုပြိုင်ပွဲတွင် ထွန်းထွန်းဝင်း(ကချင်)က ခိုင်ကျော်ဇင်(ရခိုင်)အားလည်းကောင်း၊ အောင်မျိုးသင်း(တနင်္သာရီ)က နေလင်းထွန်း (မကွေး)အား ဒုတိယအချီတွင်လည်းကောင်း၊ မင်းဟိန်းစိုး(ရန်ကုန်)က ဇ(ရှမ်း)အား ဒုတိယအချီတွင်လည်းကောင်း၊ (၇၅) ကီလိုဝိတ်တန်းတွင် ကျော်မျိုးထွန်း(စစ်ကိုင်း)က ဇိုင်လူမွန်(ကချင်ပြည်နယ်)အား ပထမအချီ ၃၉ စက္ကန့်တွင်လည်းကောင်း အသီးသီးအနိုင်ရရှိကြောင်းသိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲများကို ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇာနည်မောင်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သေနတ်ပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်း တံခွန်စိုက်ဒိုင်းရရှိ

**ရန်ကုန် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သေနတ်ပစ်အသင်းအနေဖြင့် အမျိုးသားပစ္စတိုအသင်းလိုက် ရွှေ၊ တစ်ဦးချင်း ရွှေ၊ အမျိုးသမီးပစ္စတိုအသင်းလိုက် ရွှေ၊ တစ်ဦးချင်း ငွေဖြင့် အမျိုးသားအမျိုးသမီးပစ္စတိုအသင်းလိုက် တံခွန်စိုက်ဒိုင်း ရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သေနတ်ပစ်အသင်းတွင် အုပ်ချုပ်သူအဖြစ် လှည်းကူးမြို့နယ်အားကစားမှူး ဒေါ်နုနုခင်က ဆောင်ရွက်ပြီး နည်းပြများအဖြစ် ဦးသန့်ဇော်ဦး(နည်းပြ၊ ပစ္စတို)၊ ဦးကျော်ညီညီ(နည်းပြ၊ ရိုင်ဖယ်)၊ အားကစားသမားများမှာ အမျိုးသားပစ္စတိုအသင်းတွင် ဇော်မင်းအောင်၊ ရဲမင်းအောင်၊ စည်သူထွန်း၊ အမျိုးသမီးပစ္စတိုအသင်းတွင် နှင်းအေးဝေ၊ စုဟေမာန်ငြိမ်း၊ ယမင်းအဥ္စလီ၊ အမျိုးသမီးရိုင်ဖယ်အသင်းတွင် ဘုန်းမြတ်စန္ဒီ၊ အမျိုးသားရိုင်ဖယ်အသင်းတွင် လူမင်းမြတ်၊ ထက်မြတ်နိုင်တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သေနတ်ပစ်အသင်းသည် တစ်သင်းလျှင် အသင်းပြည့် ၁၂ ဦး သတ်မှတ်ထားသော်လည်း သေနတ်ပစ်အားကစားသမား စုစုပေါင်း ကိုးဦးဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပစ္စတိုအမျိုးသားတစ်ဦးချင်း ရွှေတံဆိပ်ကို ဇော်မင်းအောင်နှင့် ပစ္စတိုအမျိုးသမီး တစ်ဦးချင်း ရွှေတံဆိပ်ကို မနှင်းအေးဝေတို့က ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၁၉ ရက်မှ ၂၉ ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(ခင်မောင်သော်)**

# နိုင်ငံပိုင်ဂြိုဟ်တုစနစ်ဖြင့် နိုင်ငံ၏ကဏ္ဍမျိုးစုံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်




**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေး ပထမအကြိမ်ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများနှင့် အသစ်ထပ်မံတင်ပြဆွေးနွေးလိုသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြနိုင်ရန် ယခုကဲ့သို့ အစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၀ ကျော်ခန့်သည် ကိုယ်ပိုင်ဂြိုဟ်တုများ အသုံးပြု၍ ၎င်းတို့နိုင်ငံ၏ကဏ္ဍစုံနယ်ပယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ နိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် နိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ၊ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်ဆိုင်ရာ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီနှင့် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ဂြိုဟ်တုလွှတ်တင်ထားသည့်နိုင်ငံများ၏ ဂြိုဟ်တုကို ကွန်ဒိုစနစ်ကဲ့သို့ အခန်းများငှားရမ်း၍ အသုံးပြုနေရပါကြောင်း၊ အမေရိကန်နိုင်ငံ၏ Intel Sat ဂြိုဟ်တုကို Myanmar Sat -2 အမည်ဖြင့် လွှတ်တင်၍ အချိုးကျငှားရမ်းပိုင်ဆိုင်ခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ Myanmar Sat - 2 ဂြိုဟ်တုတွင် မြန်မာနိုင်ငံအနေဖြင့် C-Band ခြောက်လုံးနှင့် Ku Band ခြောက်လုံးတို့ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် Myanmar Sat-2 ဂြိုဟ်တု ငှားရမ်းဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် လွှတ်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အလုံးစုံပိုင်ဆိုင်သည့် ကိုယ်ပိုင်ဂြိုဟ်တုစနစ်တစ်ရပ်ပိုင်ဆိုင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ဂြိုဟ်တုစနစ်ဖြင့် နိုင်ငံ၏ကဏ္ဍမျိုးစုံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေး လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**



# ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နီပေါလွှတ်တော်ကိုယ်စားလှယ် Mr. Madhav Kumar Nepal (နီပေါဝန်ကြီးချုပ်ဟောင်း)နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးအတွေ့အကြုံများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့အနေဖြင့် ကလေးစာပေပွဲတော်များကို ကျင်းပပေးလျက်ရှိရာ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ပြည်သူများက ကြိုဆိုကြပါကြောင်း၊ ကလေးစာပေပွဲတော်သည် ကလေးများကို စာပေဖြင့်စတင်မိတ်ဆက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ လူငယ်များအတွက်လည်း လူငယ်ဆိုင်ရာပွဲတော်များကို ကျင်းပပေးရန်ရှိပါကြောင်း၊ လူငယ်များသည် အနာဂတ်တိုင်းပြည်၏ ကံကြမ္မာအကောင်းအဆိုးဖန်တီးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် ယခုပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပရခြင်းမှာ လူငယ်များ ကျင်လည်ရာ တက္ကသိုလ်နယ်မြေတွင် ပျော်ရွှင်ဖွယ်၊ စိတ်အားတက်ကြွဖွယ် ပွဲလမ်းတစ်ခု ဖန်တီးပေးနိုင်ရန်၊ လူငယ်များအနေဖြင့် နှစ်ကာလကြာပြီးနောက် ယခုပွဲတော်ကို ပြန်လည်ပြောဆိုစရာ အတွေ့အကြုံတစ်ခုအဖြစ် အမှတ်တရကျန်ရှိစေရန်၊ ကျောင်းသား ကျောင်းသူ လူငယ်များ လမ်းမှားမရောက်စေဘဲ ကျန်းမာသန့်ရှင်းသည့် ဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်စေရန်၊ အများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာဝင်းမြတ်အေးတို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်အလက်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဆိုင်ရာ စီမံချက်မူကြမ်းကို ရှင်းလင်းတင်ပြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြခန်းခင်းကျင်းပြသခြင်း၊ ဖျော်ဖြေရေးနှင့် ပြပွဲများကျင်းပခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လူငယ်ဖွံ့ဖြိုးရေးပွဲတော်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။



အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ အချင်းချင်းမျှဝေပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းများအား လူငယ်များ၏ အတွေးအခေါ်များဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရေးရာ

❁ **သတ္တမအကြိမ်မှ**

တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီစုဒ္ဒသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို အလှူရှင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် ရွှေကျင်ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဧကဝီသတိမ (၂၁)ကြိမ်မြောက် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



## ရာဇဝတ်အထူးအယူခံမှုများ စီရင်ချက်ချမှတ်

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မော်လိုက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# Y-8 (၅၈၂၀)လေယာဉ် ပျက်ကျမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 (၅၈၂၀) ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုဖြစ်စဉ်သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း၊ အချိန်ကာလတိုအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမှာ အားလုံး၏တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ တနင်္သာရီဒေသရှိ ငါးဖမ်းစက်လှေများအပါအဝင် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီကြသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ စေတနာရှင်ပြည်သူများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကလည်း လှူဒါန်းငွေ များစွာပေးအပ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် အသက်ဆုံးရှုံးသွားရသူအားလုံးအား လူတစ်ယောက်ချင်း၏ အသက်တစ်ချောင်းဆုံးရှုံးမှုဟု ယူဆပါကြောင်း၊ ဝိုင်းဝန်းကူညီ၍ ရေငုပ်ရှာဖွေရာတွင် သေဆုံးခဲ့ရသည့် ဦးစောနောင်ကိုပါ ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရာသီဥတု အခြေအနေပေးသည်နှင့်အမျှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်က ဇွန် ၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရက်အလိုက်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်စုစုပေါင်း ၁၃ စင်း၊ ထူးထူးတိုးကုမ္ပဏီ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ခိုင်ဇင်ယော်ကုမ္ပဏီနှင့် ဦးမင်းဦးကုမ္ပဏီများမှ ဒေသခံငါးဖမ်းစက်လှေ ၂၆ စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တပ်မတော်(ရေ)မှ ရေငုပ်စစ်သည်များနှင့် အရပ်ဘက်ရေငုပ်အဖွဲ့များ၏ ပူးပေါင်းလုပ်ဆောင်ခဲ့မှုအခြေအနေများ၊ ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းများနှင့် ရုပ်အလောင်းများရှာဖွေတွေ့ရှိမှု၊ ဆယ်ယူပို့ဆောင်ပေးမှု အခြေအနေများ၊ လက်ရှိစစ်ရေယာဉ် ကိုးစင်း၊ ဒေသခံငါးဖမ်းစက်လှေ ရှစ်စင်း၊ ကျွမ်းကျင်ရေငုပ် အရာရှိ၊ စစ်သည် ၃၃ ဦးတို့ဖြင့် ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်မောင်မောင်ကျော်က တပ်မတော်လေယာဉ် Y-8 (၅၈၂၀)၏သမိုင်းကြောင်းနှင့် ပျံသန်းအသုံးပြုမှုအခြေအနေများ၊ လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရေဒါများမှ ဖမ်းယူရရှိခဲ့သည့်မှတ်တမ်းများ၊ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ရှိသည့် မိုးလေဝသဂြိုဟ်တုနှင့် မိုးလေဝသရေဒါများက ဖမ်းယူရရှိသည့် မိုးလေဝသအခြေအနေများ၊ မိုးတိမ်တောင်များအနီးတွင် ဖြစ်ပေါ်လေ့ရှိသည့် Downdraft ၏ သက်ရောက်မှုပုံစံများ၊ တပ်မတော်(လေ)မှ လေယာဉ်သုံးစင်း၊ ရဟတ်ယာဉ် နှစ်စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဇွန် ၁၈ ရက်တွင် Flight Data Recoder (FDR) နှင့် Cockpit Voice Recoder (CVR) တို့အား ဆယ်ယူရရှိခဲ့သည့်အခြေအနေများ၊ ဇွန် ၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ဆယ်ယူရရှိခဲ့သည့် လေယာဉ်အစိတ်အပိုင်း ၂၆၁ ခုအား လေယာဉ်ဦးပိုင်း (Nose Section)၊ လေယာဉ်ကိုယ်ထည်ပိုင်း (Middle Fuselage) နှင့် လေယာဉ်အမြီးပိုင်း (Rear Section) ခွဲခြား၍ စိစစ်မှတ်တမ်းထားရှိမှုအခြေအနေများ၊ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ တတိယအဖွဲ့အစည်းပါဝင်သည့် ပူးပေါင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ပျက်ကျလေယာဉ်တွင် ပါရှိသွားသည့်အရာရှိ၊ စစ်သည် မိသားစုများအတွက် လှူဒါန်းငွေများရရှိမှု၊ အမွေစားအမွေခံကိစ္စရပ်များနှင့် အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာရရှိရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ကျန်ရစ်သူမိသားစုဝင်များ၏ နေရာချထားရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျန်ရစ်သူမိသားစုဝင်များကို ရသင့်သည့် ခံစားခွင့်များ အပြည့်အဝ ဆောင်ရွက်ပေးရေးနှင့် ထောက်ပံ့ပေးမှုများကို နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ပြည့်စုံစွာ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ပင်လယ်ပြင်ရာသီဥတု သတင်းဖော်ပြချက်များကိုရယူ၍ ယင်းအချက်အလက်များအပေါ် အလေးထား လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ အန္တရာယ်ကင်းရှင်းစွာဖြင့် ဖြစ်နိုင်သည့် နောက်ဆုံးအခြေအနေအထိ ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❂ **သမင်ကောင်ရေမှ**

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ရှိမ္မကားတောရကျောင်းကြီး ဘေးမဲ့တောတွင် သမင်ကောင်ရေ ၆၀ နီးပါးရှိပြီး ရွှေသမင်၊ သမင်ပျောက်၊ သမင်ဝက်ဟူ၍ သုံးမျိုးရှိကာ ယခုနှစ်တွင် သမင်ကောင်ရေ တိုး၊ မတိုးကို သိလိုသဖြင့် ကင်မရာထောင်ချောက်များ ဖြန့်ခွဲတပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတိုင် ဝန်းကျင်ကျေးရွာများတွင် တောလိုက်မုဆိုးများရှိနေရာ သမင်များကို သနားကြင်နာပါဆိုသည့် ပညာပေးဟောပြောပွဲများကို တတ်နိုင်သလောက် စည်းရုံးဟောပြောပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ကျောက်တော် ဇူလိုင် ၃**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အထွေထွေအားနည်းခြင်းရောဂါ ၂၈ ဦး၊ သွေးတိုးရောဂါ ၂၃ ဦး၊ အရိုးအကြောအဆစ်ဆိုင်ရာရောဂါ ၁၅ ဦး၊ အစာအိမ်ရောဂါ ၁၂ ဦး၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါ ၁၆ ဦး၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ ၁၀ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၁၁ ဦး၊ သွေးအားနည်းရောဂါ ခြောက်ဦး၊ ဆီးချိုသွေးချိုရောဂါလေးဦး၊ ပန်းနာရင်ကျပ်ရောဂါ နှစ်ဦး၊ နှလုံးရောဂါတစ်ဦး စုစုပေါင်း ၁၃၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကျေးရွာအတွင်း ခြင်အန္တရာယ်ကင်းဝေးစေရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**❂ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှ**

ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ စသည်ဖြင့်ရှိနေပေမယ့်လည်း ဥက္ကဋ္ဌက သီးခြားဆုံးဖြတ်တာမဟုတ်ပါဘူး။ ဒုတိယဥက္ကဋ္ဌကလည်း သီးခြားဆုံးဖြတ်တာမဟုတ်ပါဘူး။ အားလုံးဒီမှာရှိတဲ့ အဖွဲ့ဝင်တွေသဘောတူပြီးမှ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ JMC ရဲ့ ပုံရိပ်ကိုထိခိုက်စေတဲ့ ပြောဆိုမှုတွေကို ဂရုစိုက်ပေးဖို့၊ ရှောင်ရှားပေးဖို့ ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်”ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည့် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များအခြေအနေ၊ စောင့်ကြည့်ရေးနှင့် စိစစ်အတည်ပြုရေးလုပ်ငန်းများဆောင်ရွက်မှု၊ ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးလုပ်ငန်းများတွင် ဒေသခံအရပ်သားများ ပါဝင်ခွင့်ရရှိရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဒေသခံအရပ်သားစောင့်ကြည့်မည့်သူများနှင့်ပတ်သက်၍ မိမိတို့ JMC နှင့်အပြိုင် အချို့အရပ်သားစောင့်ကြည့်ရေးအဖွဲ့များလည်း ရှိနေသည်ကို တွေ့ရှိရကြောင်း၊ JMC တွင် အရပ်သားစောင့်ကြည့်ရေးနှင့်ပတ်သက်၍ ဒေသဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များသည် စောင့်ကြည့်မည့်ဒေသတွင် တိတိကျကျ ပါဝင်ရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့အဖြစ် ပါဝင်ရာတွင် ပါဝင်သူများ၏ အရည်အချင်းများ ပြည့်ဝနေစေရန်အတွက် JMC-U က သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ သတ်မှတ်တာဝန်ပေးရမည်ဆိုသည့် အချက်ပါဝင်ကြောင်း၊ JMC-U၊ JMC-S တွင်ရှိသည့် အရပ်သားကိုယ်စားလှယ်များကလည်း ကြပ်မတ်ဆောင်ရွက်ပေးသွားရန် ယခင်အစည်းအဝေးများတွင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက “JMC ဖွဲ့စည်းပုံကို ကြည့်မယ်ဆိုရင် အခြားနိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဖွဲ့စည်းခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့တွေနဲ့ ဖွဲ့စည်းပုံနဲ့ မတူပါဘူး။ တတိယအဖွဲ့အစည်းအဖြစ် နိုင်ငံခြားစောင့်ကြည့်သူတွေပါဝင်တဲ့ ဖွဲ့စည်းပုံမျိုး မဟုတ်ဘဲနဲ့ ပြည်တွင်းပဋိပက္ခဖြစ်စဉ်မှာ တိုက်ရိုက်သက်ဆိုင်တဲ့ အစိုးရ၊ တပ်မတော်၊ ကျွန်တော်တို့လက်နက်ကိုင်အဖွဲ့တွေနဲ့ အရပ်သားအစုအဖွဲ့များဆိုတဲ့ အစုအဖွဲ့သုံးစုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းသုံးခုကြားထဲမှာ ယုံကြည်မှု တည်ဆောက်ရေးဟာ အဓိကကဏ္ဍမှာပါဝင်နေပါတယ်။ နောက်ပြီးတော့ JMC နဲ့ JMC ကိုအကောင်အထည်ဖော်မှုကိုလည်း ဒီအဖွဲ့သုံးခုက ယုံကြည်မှုအပြည့်အဝရှိဖို့ လိုအပ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ JMC ကို လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်ဒေသမှာ ဒုက္ခသည်တွေနဲ့ လူထုကိုယ်တိုင်ကနေပြီးတော့ ယုံကြည်



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၁)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။**

ကိုးစားပြီး ကျွန်တော်တို့ကို ထောက်ခံလာဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် JMC အဖွဲ့ဝင်အားလုံးက တစ်ယောက်တည်း အကျိုးအတွက်သော်လည်းကောင်း၊ တစ်ဖွဲ့တည်းအကျိုးအတွက်သော်လည်းကောင်း မကြည့်ဘဲနဲ့ မြန်မာပြည်ရဲ့ ငြိမ်းချမ်းရေးရရှိဖို့ကို အကျိုးကိုကြည့်ပြီးတော့ ဆက်လက်ပြီး အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

အစည်းအဝေးတွင် JMC ၏ လုပ်ထုံးလုပ်နည်းဖြစ်သည့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ်ခံစားရသူများ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)က လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများ (မူကြမ်း)၊ JMC Support Platform ၏ လုပ်ငန်းလမ်းညွှန်၊ JMC နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ဆောင်ရွက်ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်(မူကြမ်း)တို့ကို အတည်ပြုခြင်းနှင့် ပြုစုရေးဆွဲခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အရပ်သားကိုယ်စားလှယ်များအစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စောမက်သယူးအေးက “ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အရွေ့တစ်ခုပဲ ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါတုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖော်ဆောင်ဖို့ဆိုရင် နှစ်ဖက်သောလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကို ရှေ့တန်းတင်ပါတယ်။ ဒီကနေ့ ငြိမ်းချမ်းရေးဖြစ်စဉ် အရွေ့မှာတော့ လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ၊ တစ်နည်းအားဖြင့် မြန်မာပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ငြိမ်းချမ်းရေးကို လိုလားကြတဲ့ တိုင်းသူပြည်သားတွေရဲ့ အခန်းကဏ္ဍပါဝင်လာတာဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထူးခြားတဲ့ဖြစ်ရပ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို ရရှိဖို့အတွက် ကျွန်တော်တို့ သွားနေတဲ့ခရီးတာရဲ့ အရွေ့တစ်ခုလည်းဖြစ်ပါတယ်”ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ JMC-U အတွင်းရေးမှူး ဒေါက်တာရွှေခါး၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**




# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောမြို့သို့ သွားရောက်လေ့လာ

**မောင်တော ဇူလိုင် ၃**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် မောင်တောမြို့သို့ရောက်ရှိလာပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ဒေသအခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မဟာမင်းကြီးနှင့်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုက္ခသည်များကိစ္စ၊ ဒေသတွင်းလုံခြုံရေးကိစ္စ၊ UNHCR နှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မဟာမင်းကြီးနှင့်အဖွဲ့သည် မောင်တောမြို့ အလယ်သံကျော်လမ်း မြို့မကညင်တန်း၌ UNHCR ၏ အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက်နေသော အာရှ-ဂျပန် ပူးပေါင်းအဖွဲ့ (Bridge Asia Japan-BAJ) ၏ အပ်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။**(အပေါ်ပုံ)**

အဆိုပါ BAJ ရုံးကို ၁၉၉၂ ခုနှစ်မှ စတင်ကာ ဒေသတွင်းအလုပ်အကိုင်ရရှိရေးနှင့် အတူတကွယှဉ်တွဲနေထိုင်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် အပ်ချုပ်သင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ အမျိုးသမီး ၁၄၀၀ ကျော်အား စက်ချုပ်သင်တန်းများ သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မဟာမင်းကြီးနှင့်အဖွဲ့သည် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မောင်တောဒေသနေ ပြည်သူများအားလုံး အခြေအနေမြင့်မားတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးစသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ဝါးပိတ်ကျေးရွာဟောင်းနေရာသို့ သွားရောက်ကာ ကျေးရွာပြန်လည်နေရာချထားမှုအခြေအနေကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး ဓာတ်ပုံ-သတ္တ**

# အရှေ့တောင်အာရှတိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း(၂၀၁၇)အစီအစဉ် မြန်မာနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Kasetsart University တို့ ပူးပေါင်းဆောင်ရွက်သည့် “အရှေ့တောင်အာရှတိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း(၂၀၁၇)” အစီအစဉ် (ASEAN Veterinary Volunteer Project-2017)အရ နိုင်ငံ ၁၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူများသည် ဇူလိုင် ၁ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံတွင် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်အရ မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ ဖင်လန်နိုင်ငံတို့ရှိ တိရစ္ဆာန်ဆေးကုတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့သည် မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကြီးကြပ်သူဆရာ ဆရာမများနှင့်အတူ ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံမြို့နယ်ရှိ လယ်သစ်၊ သစ်ရုံ၊ ဇီးပင်ကန်၊ ထိန်ပန်းနှင့် လေးတန်းကျေးရွာတို့၌ လူထုပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကျွဲ၊ နွား ရောဂါကာကွယ်ဆေးနှင့် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ တိရစ္ဆာန်များအား ခွဲစိတ်ကုသခြင်း၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**




**အရှေ့တောင်အာရှတိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း(၂၀၁၇) အစီအစဉ်အရ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ကပြဖျော်ဖြေစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မကွေးတိုင်းဒေသကြီးအတွင်း ကျောင်းအဆင့်တိုးဖွင့်ပွဲများသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့သည် မြေပြင်သာရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့် အမှာစကားပြောကြားရာတွင် ယခု ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၅၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးသတ်မှတ်ချက်မူများနှင့်



ကိုက်ညီသဖြင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၁၀၁၂ ကျောင်းကို ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး၊ မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ ကျောင်းထွက်သူပပျောက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများသည် မိဘများ၊ အုပ်ထိန်းသူများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်မှု၊ အိမ်စာမှန်မှန်လုပ်မှု၊ ပြပွဲ၊ ပြိုင်ပွဲ၊ ပရိုဂျက်နှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်မှု၊ ကောင်းမွန်စွာသင်ယူတတ်မြောက်မှုတို့ကို စဉ်ဆက်မပြတ်အကဲဖြတ်၍ စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်း၊ တီထွင်ကြံဆဖန်တီးနိုင်စွမ်းဟူသည့် စွမ်းရည်မြင့်မားလာရေးအတွက် မိဘ၊ အုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာအောင်တို့က အမှာစကားပြောကြားကြပြီး မြေပြင်သာကျေးရွာ ကျောင်းသား မိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းအုပ် ဆရာမကြီးက ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အမှတ်တရ သစ်ပင်စိုက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အောင်ဆန်းအခြေခံပညာအထက်တန်းကျောင်း၊ ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းနှင့် ရေနံချောင်းမြို့ လည်ပေါ်အခြေခံပညာအထက်တန်းကျောင်းများ အဆင့်တိုးဖွင့်လှစ်ပွဲ အခမ်းအနားတို့ကို တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဂျာမန်ဘာသာ ကျောင်းသားဟောင်းများအသင်း တည်ထောင်ခြင်းအထိမ်းအမှတ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

နိုင်ငံတော်အား တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်စေရန်နှင့် ဂျာမန်ဘာသာဌာနနှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် ဂျာမန်ဘာသာ ကျောင်းသားဟောင်းများအသင်း တည်ထောင်ခြင်း အထိမ်းအမှတ်ပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Sule Shangri-La Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က အဖွင့်အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာ သူရိန်နိုင်အောင်ဟိန်းက အသင်း၏ ရည်ရွယ်ချက်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးသန်းနိုင်အောင်က အသင်း၏ လက်ရှိမတည်ငွေပမာဏ၊ အသင်းဝင်လျှောက်လွှာ ဖြည့်စွက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်၊ ဂျာမန်ဘာသာဌာနမှ အငြိမ်းစား ကထိက/ဌာနမှူး ဒေါ်ပြုံးပြုံးဌေးက သဘာပတိအဖြစ် အသင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခြင်း၊ အသင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က အသင်းသားများသိရှိရန် လိုအပ်သည့် အချက်များ ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ အခမ်းအနားသို့ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ အသင်းသား၊ အသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**




## ကြေးမုံ သတင်းတိုများ

### ကားလမ်းမပေါ်မြေပြို၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်

**မိုပိုင်းလွတ် ဇူလိုင် ၃**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင် လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့ ရေတက်ခဲ့ပြီး ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ မိုပိုင်းလွတ်-ဖာဖုတ်ကားလမ်းမ (ကြာစခန်းကွေ့)၌ ဇူလိုင် ၂ ရက် ည ၁၀နာရီ မိနစ် ၂၀ ခန့်က ကားလမ်းမပေါ်သို့ မြေပြိုမှုဖြစ်ပွားခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ပြီး မိုပိုင်းလွတ်မြို့အတွင်း ဖုန်းလိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ရှိန်းလေး(မိုပိုင်းလွတ်)**

### ရထားပေါ်ပါလာသော ပိုက်ဆံအိတ်အား ပိုင်ရှင်ထံပြန်လည်အပ်နှံ

**ရန်ကုန် ဇူလိုင် ၃**

အမှတ်(၇၁) အဆန် ရန်ကုန်-ပြည် အမြန်ရထားဖြင့် ဇွန် ၂၅ ရက်က ရန်ကုန်ဘူတာကြီးမှ စီးနင်းလိုက်ပါလာသူ လက်ပံတန်းမြို့နာရေးကူညီမှု အသင်းဥက္ကဋ္ဌ ဦးသောင်းမြင့်သည် လက်ပံတန်းဘူတာသို့ ဆင်းစဉ် ရထားပေါ်၌ ငွေကျပ် ၁၃၂၃၂၀၀ ထည့်ထားသည့် ပိုက်ဆံအိတ်ပါရှိသွားခဲ့ရာ ရထားလုံခြုံရေးအဖွဲ့ဖြစ်သည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှ ရဲတပ်ကြပ် ကျော်ကျော် ဦးစီးတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းငွေများအား ခေတ္တတပ်ခွဲမှူး ရဲအုပ် ရန်မျိုးထွန်းဦးက တပ်ခွဲမှူးရုံးခန်း(လက်ပံတန်း)၌ ပိုင်ရှင်ဖြစ်သူ ဦးသောင်းမြင့်ထံသို့ ယင်းနေ့ ညနေပိုင်းက ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

### အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းရုံးခွဲတွင် Union Training Team မှ ချောင်းဆုံမြို့နယ်၊ ဘီလင်းမြို့နယ်၊ ပေါင်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်း(CF/TF)များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ အင်္ဂလိပ်စကားပြောသင်တန်းကို ဇွန် ၂၆ မှ ၃၀ ရက်အထိ ငါးရက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

### အမ်းမြို့တွင် စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းဖွင့်

**အမ်း ဇူလိုင် ၃**

အမ်းမြို့နယ်တွင် တတိယနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းကို ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ပို့ချရာ တာဝန်ခံ ဦးနိုင်မျိုး(နည်းပညာအကြံပေး)က ဦးဆောင်ကာ သင်ကြားပို့ချခဲ့ပြီး အမ်းမြို့နယ်ရှိ စပ်စီ၊ ပုဏ္ဏဝ၊ အမ်းမြောက်၊ အမ်းတောင်၊ အောက်ရွာနှင့် ဘုတ်ချောင်းကျေးရွာအုပ်စုတို့မှ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင်စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့သည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**ငပလီ ဇူလိုင် ၃**

ငပလီမြို့ လင်းသာရပ်ကွက်တွင် မြို့အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင် ၂ ရက် နံနက်ပိုင်းမှစတင်ကာ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လင်းသာအထကစာသင်ကျောင်း၌ ပေါင်းပင်ချုံနွယ်များခုတ်ထွင်ရှင်းလင်းပေးခြင်း၊ စာသင်ဆောင်များအတွင်း ခြင်ဆေးဖျန်းခြင်း၊ ရပ်ကွက်အတွင်းရှိ နေအိမ်ခြံဝင်းများတွင် ခြင်လောက်လမ်းများပေါက်ပွားမှုမရှိစေရေး အဘိတ်ဆေးခတ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်တွင် တန်ပိုဂိတ်များဖွင့်လှစ်၍ တန်ပိုကုန်စည်များကို စစ်ဆေးသိမ်းဆည်းမည်

**ဟားခါး ဇူလိုင် ၃**

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးပြုလုပ်ရာတွင် ဒုတိယအကြီးဆုံးဖြစ်သည့် ကလေး-တီးတိန်-ရိခေါဒါရ်ကားလမ်းသည် ကုန်တင်ယာဉ်ကြီးများ အများဆုံးသွားလာသည့် ကားလမ်းတစ်ခုဖြစ်သည်နှင့်အညီ ချင်းပြည်နယ်အတွင်း မိုးရာသီကာလ ကားလမ်းများပျက်စီးမှုကြီးမားနေသည့်အတွက် ယခုနှစ်မိုးတွင်းမှစ၍ ချင်းတောင်ပေါ် သွားလာသည့်ယာဉ်များ သတ်မှတ်ထားသောကုန်ချိန်ထက် ကျော်လွန်ကာ တန်ပိုတင်ဆောင်သွားလာနေသည်ကို စစ်ဆေးတွေ့ရှိပါက ပိုနေသည့်ကုန်စည်များအား စစ်ဆေးသိမ်းဆည်းအရေးယူမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် မိုးတွင်းကာလဖြစ်သော ဇွန်လမှ အောက်တိုဘာလကုန်အထိ ချင်းပြည်နယ်အတွင်း သွားလာသည့်ယာဉ်များ အနက် ၁၀ ဘီးနှင့် ၁၀ ဘီးအထက်ယာဉ်များ သွားလာခွင့် ပိတ်ထားခဲ့သော်လည်း ယခုနှစ်တွင်မူ ယင်းကဲ့သို့ ပိတ်ထားမည်မဟုတ်ဘဲ တန်ပိုတင်ဆောင်သွားလာမှုရှိ၊ မရှိ စစ်ဆေးမည်ဖြစ်ကြောင်း၊ တန်ပိုတင်ဆောင်သည်ကို စစ်ဆေးတွေ့ရှိပါက ပါလာသည့်ကုန်စည်များကို တန်ပိုစစ်ဆေးသည့်ဂိတ်တွင်ချခိုင်း၍ သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ချင်းပြည်နယ်မှာ လမ်းတွေကခိုင်ခံ့မှုမရှိဘူးဆိုတော့ ၁၀ ဘီး၊ ၁၂ ဘီးကားတွေကို နှစ်တိုင်းမိုးရာသီမှာ သွားလာခွင့်မပြုခဲ့ပါဘူး။ ကားကြီးတွေအနေနဲ့ သတ်မှတ်ထားတဲ့ကုန်ချိန်ထက်ပိုတင်တော့ လမ်းကပျက်စီးလွယ်တယ်။ အခုကျွန်တော်တို့ ချင်းတောင်ပေါ်ကားလမ်းအများစုကို အဆင့်မြှင့်တင်ပြုပြင်နေတဲ့အချိန်မှာ သတ်မှတ်ကုန်ချိန်ထက်ကျော်လွန်ပြီး အဆမတန်တင်ဆောင်လာတဲ့ ကားကြီးတွေကို တွေ့ရင်တော့ တန်ပိုတွေကို စစ်ဆေးအရေးယူသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ချင်းပြည်နယ်အတွင်းသွားလာနေသည့် ကုန်တင်တန်ပိုယာဉ် စစ်ဆေးသည့်ဂိတ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အဆုံးနှင့် ချင်းပြည်နယ်အစပ်ဖြစ်သော ခိုင်ကမ်းမြို့အနီးတွင် လည်းကောင်း၊ တီးတိန်မြို့၊ ရိခေါဒါရ်မြို့နှင့် ရိဒ်နယ်စပ်သွားကားလမ်းရှိ မံဆောင်းတံတားအနီးတွင် လည်းကောင်း၊ ဟားခါးမြို့အဝင်တွင် လည်းကောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်မြို့နှင့် မတူပီမြို့အကြား မင်းတပ်မြို့အထွက်တွင် လည်းကောင်း စုစုပေါင်း လေးနေရာတွင် ဇွန်လကုန်မှ စတင်၍ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**(ဇိုဟောဆာ)**

■

## စေတီတော်အတွင်းရှိ အလှူခံပုံးအတွင်းမှ အလှူငွေများ ခိုးယူသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တွင်းကြီးကျေးရွာရှိ ရွှေလက်ရစေတီတော် လုံခြုံရေးတာဝန်ကျ ကျော်ဇင်လတ်သည် ဇူလိုင် ၂ ရက် နံနက် ၆ နာရီတွင် စေတီတော်၌ရှိနေစဉ် စေတီအရှေ့မြောက်ထောင့်ဘက်မှ ထုရိုက်သံ၊ မှန်ကွဲသံများ ကြားရသောကြောင့် သွားရောက်ကြည့်ရှုရာ လူတစ်ဦးက စေတီတော်အတွင်းထားရှိသော အလှူခံပုံးအား အုတ်ခဲကျိုးဖြင့် ထုရိုက်ခွဲကာ အလှူခံငွေများ နှိုက်ယူနေသည်ကို တွေ့ရှိသဖြင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တစ်ရွာတည်းနေ ခိုင်ဇော်လတ် (၃၂)နှစ် ဖြစ်ကြောင်း၊ ၎င်းအား တောင်တွင်းကြီးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲမြန်ကြား)



## ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်မည့် လုပ်သားများတင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်

**မဲဆောက် ဇူလိုင် ၃**

ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအနက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံသို့ပြန်မည့် အလုပ်သမားများ စီးနင်းလိုက်ပါလာသည့်ယာဉ်တစ်စီး ထိုင်းနိုင်ငံ ကမ်ဖန်ဖက်အဝေးပြေးလမ်းမကြီးပေါ်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ စမုတ်ပရာကမ်မှ မဲဆောက်မြို့သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် နေရပ်ပြန် မြန်မာအလုပ်သမားများစီးနင်းလိုက်ပါလာစဉ် ကမ်ဖန်ဖက်အဝေးပြေးလမ်းမကြီးတစ်နေရာ၌ အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်ပေါ်တွင် နေရပ်ပြန်မြန်မာနိုင်ငံသား ၄၅ ဦးစီးနင်းလိုက်ပါလာက ၁၁ ဦး ဒဏ်ရာများရရှိပြီး (မစိုးရိမ်ရ)ကြောင်း၊ ဒဏ်ရာရရှိသူများကို ထိုင်းနိုင်ငံ တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

ကျော်စိုး(ကော့သောင်း)

## မောင်တောမြို့နယ်၌ ရွာသားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု ဖုတာလီကျေးရွာမှ ရွာသားတစ်ဦး ဇွန် ၂၉ ရက်က နေအိမ်မှ ထွက်သွားပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ဖုတာလီကျေးရွာနေ မာမောက်ဖာရုဲသည် ဇွန် ၂၉ ရက် မွန်းတည့်ချိန်ခန့်က ဇင်ပိုင်ညာကျေးရွာသို့ ဈေးဝယ်ရန် ဆိုင်ကယ်ဖြင့် ထွက်သွားရာမှ ပြန်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ၎င်း၏မိသားစုဝင်များက ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဖြူနယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မိချောင်းခေါင်းဆွဲကျေးရွာ၌ အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သူတစ်ဦးအား ယမန်နေ့နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၈ နာရီခန့်က မိချောင်းခေါင်းဆွဲကျေးရွာအတွင်း သတင်းအရသွားရောက်ရှာဖွေရာ ဖွေယော့အစ္စလာမ်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘိန်းစိမ်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂ ရက် ညနေ ၄ နာရီခန့်က မူဆယ်မြို့အဝင် ORIENTAL တိုးဂိတ်အနီးလမ်းပေါ်တွင် စိုင်းမောင်ဆာ မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလို၊ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက် ည ၁၀ နာရီခွဲခန့်က နမ့်ပန်တက်ကျေးရွာအနီးတွင် သက်ပိုင်စိုး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဧရာဝတီမြစ်အတွင်း တရားမဝင် မျှောပိုက်၊ တန်းပိုက် ၁၅၀ နှင့် အခြားပစ္စည်းများဖမ်းဆီးရမိ

**စစ်ကိုင်း ဇူလိုင် ၃**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ငါးရစ်ငါးသန်ကာလ၌ တရားမဝင် ငါးဖမ်းဆီးမှုများမဖြစ်ပွားရေး တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုက ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းကင်းလှည့်ရာ မျှောပိုက်၊ တန်းပိုက် ၁၅၀ နှင့် အခြားပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ငါးရစ်ငါးသန်ကာလ၌ တရားမဝင်ငါးဖမ်းဆီးမှုများအတွက် ကင်းလှည့်ရာ မျှောပိုက်၊ တန်းပိုက် ၁၅၀ ဖမ်းဆီးရမိခဲ့ပြီး ဘက်ထရီရှော့တိုက်လှေ သုံးစင်း၊ ဘက်ထရီရှော့တိုက်ပစ္စည်းအစုံလိုက် ၁၁ လက်၊ ဘက်ထရီအိုး ၁၀ လုံး၊ ကောတံနှင့် မှိန်း စုစုပေါင်း ရှစ်စုံနှင့် အခြားဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးက ပြောသည်။

ယခုနှစ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကင်းလှည့်ခြင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်သုံးခုပေါင်း၍ ပထမဦးဆုံးအကြိမ်အဖြစ် ဇွန် ၉ ရက်မှ ၂၃ ရက်အထိ ပူးပေါင်းကင်းလှည့်ခြင်းဖြစ်ပြီး တရားမဝင် ငါးဖမ်းဆီးခြင်းများ အရေးယူခြင်းနှင့် အသိပညာပေးခြင်းများကို ရဲတပ်ဖွဲ့အပါအဝင် ငါးလုပ်ငန်းဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ ကချင်ပြည်နယ်မှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦးနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ (မန္တလေး) တာဝန်ခံ ဦးကျော်လှသိန်းက ပြောသည်။

ထို့အပြင် ငါးရစ်ငါးသန်ကာလ ပူးပေါင်းကင်းလှည့်မှုဆောင်ရွက်ရာတွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ တိုးချဲ့နိုင်ရေးအတွက် ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းနှင့် တတိယမြစ်ကျဉ်းကြားက ရွာ ၁၁ ရွာအတွင်းရှိ ကျေးရွာသူကြီး၊ အင်းသူကြီး၊ ရေလုပ်သားတို့အပါအဝင် အလွှာစုံက လူပုဂ္ဂိုလ် ၃၃ ဦးကို ပမာဏသုတေသနစစ်တမ်းများလည်း ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့အားလုံးနီးပါးက လင်းပိုင်နယ်မြေတိုးချဲ့ရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် သဘောတူကြောင်း ငါးလုပ်ငန်းဦးစီးဌာန၊ လင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးဟန်ဝင်းက ပြောသည်။

ယခု ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှုများ တားဆီးရေးနှီးစဉ်တွင်လည်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ကျေးရွာ ၁၁ ရွာတွင် ဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း၊ အသိပညာပေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ညီထူး)



## လုယက်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ အမှတ်(၃)ရပ်ကွက်နေ မောင်ကျော်ထက်(၂၁)နှစ်သည် ဇူလိုင် ၁ ရက် ည ၇ နာရီခွဲတွင် သူငယ်ချင်းဖြစ်သူ မဇာခြည်ဝင်း(၁၉)နှစ်နှင့်အတူ ပုသိမ်မြို့ ရေပေါ်ဂေါက်ကွင်းအနီးမှ အဆောင်သို့ လမ်းလျှောက်ပြန်လာစဉ် လမ်းဘေးချုံပုတ်အတွင်းမှ အမျိုးသားနှစ်ဦး ထွက်လာပြီး မောင်ကျော်ထက်အား လက်သီးဖြင့်ထိုး၊ ဓားဖြင့်ချိန်ရွယ်ပြီး ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ မဇာခြည်ဝင်း ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကပ်တစ်ရံနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယူထွက်ပြေးသွားသောကြောင့် အရေးယူပေးရန်တိုင်တန်းချက်အရ ပုသိမ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

သတင်းရသည်နှင့် ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကို ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပိတ်ဆို့ရှာဖွေခဲ့ရာ ည ၁၀ နာရီခွဲတွင် ကန်သာကွင်း ချုံပုတ်အတွင်းပုန်းအောင်းနေသော ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက်နေ မြတ်သူ(ခ)မြတ်သူစိုးမြင့်(၂၇)နှစ်နှင့် အမှတ်(၈) ရပ်ကွက်နေ ကောင်းဝင်းထွဋ်(ခ)ကောင်းလေး(၂၄)နှစ်တို့အား လုယူသွားသည့် သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ရဲမြန်ကြား)

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၂ စီး၊ သွင်းကုန် ၅၀၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးလျက်ရှိရာ ဇူလိုင် ၂ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Kluger တစ်စီး၊ Toyota Probox နှစ်စီးနှင့် Toyota Wish တစ်စီးတို့ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Kluger တစ်စီး၊ Toyota Probox နှင့် Toyota Wish ။

■




# ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဂျာမနီအသင်း ဗိုလ်စွဲ

၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဂျာမနီအသင်းက ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။ ဂျာမနီအသင်းသည် ဗိုလ်လုပွဲစဉ်အဖြစ် ဇူလိုင် ၂ ရက် ညပိုင်းက ချီလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၂၀ တွင် သွင်းယူခဲ့သည့် တိုက်စစ်မှူး စတင်ဒယ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ကွန်ဖက်ဒရေးရှင်းဖလားကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ချီလီအသင်းသည် နာမည်ကြီးကစားသမားများဖြစ်ကြသည့် ဗီဒယ်၊ ဆန်းချက်ဇ် စသည့် ကစားသမားများပါဝင်လာခဲ့သော်လည်း ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းကို ထိန်းချုပ်ကစားနိုင်ခြင်းမရှိခဲ့ခြင်းကြောင့် ဒုတိယနေရာဖြင့်ပင် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် လာမည့်နွေရာသီတွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဂိုးသမား နျူအာ၊ ကွင်းလယ်ကစားသမားများဖြစ်ကြသည့် အိုဇေးလ်နှင့် တိုနီခရူးစ်၊ တိုက်စစ်မှူး သောမက်မူလာတို့မှာ အနားယူသွားခဲ့ပြီဖြစ်၍ မျိုးဆက်သစ်လူငယ်ကစားသမားများကို ပွဲထွက်ကစားစေခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ချန်ပီယံအသင်းအဖြစ် ဂျာမနီအသင်း၊ ဒုတိယဆုကို ချီလီအသင်းနှင့် တတိယဆုကို ပေါ်တူဂီအသင်းတို့က ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ရွှေဘောလုံးဆုကို ဂျူလီယန်ဒရက်ဇလာက လည်းကောင်း၊ ရွှေဖိနပ်ဆုကို တီမိုဝါနာက လည်းကောင်း၊ ရွှေလက်အိတ်ဆုကို ဘရာဗိုက လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ ထိပ်တန်းဂိုးသွင်းရှင်များမှာ ဂျာမနီကစားသမားများဖြစ်ကြသည့် လီအွန် ဂိုရက်ဇ်ကာ၊ စတင်ဒယ်နှင့် ကီမိုဝါနာတို့ဖြစ်ပြီး သုံးဂိုးစီသွင်းယူထားနိုင်ခဲ့သည်။

(၁၀)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် အိမ်ရှင်ရုရှားအသင်း၊ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်း၊ ၂၀၁၅ အေအက်ဖ်စီ အာရှဖလားချန်ပီယံ ဩစတြေးလျအသင်း၊ ၂၀၁၅ ကိုပါအမေရိကဖလားချန်ပီယံ ချီလီအသင်း၊ ၂၀၁၅ ကွန်ကာကပ်ဖလားချန်ပီယံ မက္ကဆီကိုအသင်း၊ ၂၀၁၆ အိုအက်ဖ်စီနိုင်ငံများဖလားချန်ပီယံ နယူးဇီလန်အသင်း၊ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းနှင့် ၂၀၁၇ အာဖရိကနိုင်ငံများဖလားချန်ပီယံ ကင်မရွန်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ငွေကြယ် - စုစည်းသည်

# လိုင်ယွန်အသင်းမှ ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီအား ပေါင် ၄၄ သန်းဖြင့် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

အာဆင်နယ်အသင်းသည် ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် လိုင်ယွန်အသင်းနှင့် သဘောတူညီမှုရရှိထားပြီး ကလပ်အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၄၄ သန်းဖြင့် သဘောတူညီထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြောင်းရွှေ့ကြေးသည် ၂၀၁၃ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သည့် တိုက်စစ်မှူး အိုဇေးလ်၏ ပြောင်းရွှေ့ကြေးထက် များပြားနေပြီး ၄၈ နာရီအတွင်း စာချုပ်ချုပ်ဆိုပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

အာဆင်နယ်အသင်းသည် အသက်(၂၆)နှစ်အရွယ် တိုက်စစ်မှူး လာကာဇက်တီအား လွန်ခဲ့သည့်တစ်နှစ်က ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် ကမ်းလှမ်းခဲ့ရာအောင်မြင်မှုမရှိခဲ့ပေ။ ထို့ပြင် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင်လည်း ပေါင် ၃၉ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းမှုကို ငြင်းပယ်ခြင်းခံခဲ့ရပြီး လက်ရှိတွင် ပေါင် ၄၄ သန်းဖြင့် လိုင်ယွန်အသင်းပိုင်ရှင် အောလက်စ်နှင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြောင်းရွှေ့ကြေးသည် ယူရို သန်း ၅၀ နီးပါးရှိနေခြင်းကြောင့် အာဆင်နယ်အသင်းအတွက်သာမက လိုင်ယွန်အသင်းအတွက်လည်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး လာကာဇက်တီသည် သူ၏ကစားသမားဘဝတစ်လျှောက် လိုင်ယွန်အသင်း၌သာ ကစားခဲ့ခြင်းဖြစ်ပြီး လိုင်ယွန်အသင်းအတွက် ပွဲပေါင်း ၂၇၅ ပွဲတွင် ၁၂၉ ဂိုးအထိ သွင်းယူထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ၄၅ ပွဲ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၃၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။







# ဆောက်သမ်တန်တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်အား ဝက်စ်ဘရွန်းခေါ်ယူ

ဝက်စ်ဘရွန်းအသင်းသည် ဆောက်သမ်တန်အသင်းမှ တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်အား ပေါင် ၁၂ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၂၇) နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ဆောက်သမ်တန်အသင်းတွင် ငါးနှစ်တာကစားခဲ့ရာတွင် ဒဏ်ရာပြဿနာများသာ ကြုံခဲ့ရခြင်းကြောင့် ပွဲပေါင်း ၁၂၆ ပွဲတွင် ၃၂ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ဂျေးရိုဒရီဂွက်ဇ်၏ နည်းမည်ကြီးသည့် ဘောလုံးရာသီမှာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီဖြစ်ပြီး တစ်ရာသီအတွင်း သွင်းဂိုး ၁၅ ဂိုး သွင်းယူနိုင်ခဲ့ကာ အင်္ဂလန်အသင်းတွင်လည်း ပါဝင်ကစားခွင့်ရရှိခဲ့သည်။ ပြင်းထန်သည့် ဒူးဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတစ်ရာသီလုံး ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီကမူ ပွဲပေါင်း ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဘန်လေတိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ၂၀၁၂ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းဖြင့် ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းက ချီလီအသင်းနှင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ပွဲထွက်ကစားခဲ့သည်။

# ကော်တင်ဟိုအား ခေါ်ယူရန် ပီအက်စ်ဂျီ ပစ်မှတ်ထားနေပြီး လီဗာပူးက ပေါင် ၈၇ သန်း ဈေးသတ်မှတ်

ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းသည် လီဗာပူးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖိလစ်ပီ ကော်တင်ဟိုအား ခေါ်ယူရန်ပစ်မှတ်ထားနေပြီး လီဗာပူးအသင်းကမူ ပီအက်စ်ဂျီအသင်းအနေဖြင့် ကော်တင်ဟိုအား ခေါ်ယူလိုပါက ပေါင် ၈၇ သန်း(ယူရိုသန်း ၁၀၀)သတ်မှတ်ထားကြောင်း သိရသည်။ ပီအက်စ်ဂျီ အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ကော်တင်ဟိုအား ပစ်မှတ်ထားနေသည့်အပြင် ဘာစီလိုနာအသင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် ကာလကြာရှည်ကတည်းက စိတ်ဝင်စားနေကြောင်း သိရသည်။ ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဘရာဇီးအသင်းတွင်လည်း အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ဖူးသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုထားခဲ့သော်လည်း လီဗာပူးအသင်းမှ ထွက်ခွာကာ အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ရာခိုင်နှုန်းများနေပြီဖြစ်ကြောင်းလည်း သိရသည်။



၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

**ယခင်အပတ်မှ အဆက်**

အာဆီယံရဲ့ ပထမဆုံးထိပ်သီးအစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ အခြားအရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကတော့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို တည်ထောင်ဖို့ သဘောတူညီခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။ ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဆူဟာတိုက အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ဂျကာတာမြို့မှာထားရှိဖို့ အဆိုပြုခဲ့ပြီး ကျန်အဖွဲ့ဝင် လေးနိုင်ငံကလည်း သဘောတူညီခဲ့ကြပါတယ်။ အာဆီယံအသင်းကြီးဟာ အဖွဲ့အစည်းတစ်ရပ်အသွင်သဏ္ဍာန်နဲ့ ထွက်ပေါ်လာခဲ့ခြင်းကြောင့် အသင်းဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ဟာ နိုင်ငံရေးကဏ္ဍမှာတင်မဟုတ်တော့ဘဲ သိပ္ပံနဲ့နည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကုန်သွယ်ရေးကဏ္ဍနဲ့ စက်မှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရေးကဏ္ဍတွေအထိ ကျယ်ပြန့်လာခဲ့ပါတယ်။

၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ဗီယက်နမ်တပ်ဖွဲ့တွေ ကမ်ပူးချားနိုင်ငံ (ကမ္ဘောဒီးယားနိုင်ငံ)ကို ဝင်ရောက်သိမ်းပိုက်ပြီး ခမာနီအစိုးရကို ဖြုတ်ချခဲ့တဲ့နောက်ပိုင်းမှာ အရှေ့တောင်အာရှဒေသရဲ့ အခြေအနေဟာ ပိုမိုဆိုးရွားလာခဲ့ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ ဗီယက်နမ်နိုင်ငံရဲ့ ကျူးကျော်မှုကို ခိုင်ခိုင်မာမာ ဆန့်ကျင်ရှုတ်ချခဲ့ကြပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ ကျူးကျော်မှုကို ပြန်လည်တွန်းလှန်နိုင်ဖို့ တိုက်ပွဲဝင်နေတဲ့ ခမာနီတပ်ဖွဲ့တွေကို ထိုင်းနိုင်ငံဟာ စင်ကာပူနဲ့တရုတ်နိုင်ငံတို့ရဲ့ တက်တက်ကြွကြွအားပေးထောက်ခံမှုနဲ့ ထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဒီနေရာမှာ အရေးကြီးတဲ့အချက်က ယခင်ခမာနီအစိုးရလက်ထက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကမ်ပူးချားအစိုးရရဲ့ ထိုင်ခုံနေရာကို ထိုင်း-ကမ်ပူးချားနယ်စပ်မှာ အခြေပြုလှုပ်ရှားနေရတဲ့ ခမာနီပြည်ပြေးအစိုးရအတွက် ဆက်လက်ထိန်းသိမ်းရယူနိုင်ဖို့ နိုင်ငံတကာရဲ့ထောက်ခံမှုကို အာဆီယံဟာ စွမ်းဆောင်ရယူခဲ့ကြခြင်းဖြစ်ပါတယ်။ ကမ်ပူးချားပဋိပက္ခကနေ အာဆီယံအဖွဲ့ကြီးရရှိခဲ့တဲ့ သင်ခန်းစာကတော့ ဆုံးဖြတ်ချက်တစ်ရပ်ကို ညီညီညွတ်ညွတ်ချမှတ်ပြီး တစ်သံတည်းပြောဆိုခြင်းဖြင့် ကမ်ပူးချားနိုင်ငံနဲ့ အရှေ့တောင်အာရှဒေသရဲ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာမျက်နှာစာမှာ စွမ်းဆောင်အောင်မြင်နိုင်တဲ့ အားသာချက်ရရှိခဲ့ခြင်းပဲဖြစ်ပါတယ်။

အာဆီယံရဲ့ တဖြည်းဖြည်းနဲ့ ရရှိလာတဲ့ အောင်မြင်မှုကြောင့် ဗီယက်နမ်နိုင်ငံဟာ အာဆီယံမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် သူရရှိလာနိုင်မယ့် အကျိုးအမြတ်တွေကို သိမြင်လာခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ ကမ်ပူးချားပဋိပက္ခမှာ ပါဝင်ခဲ့တဲ့အတွက် ၁၉၇၉ ခုနှစ်၊ မတ်လမှာ တရုတ်နိုင်ငံနဲ့ သွေးချောင်းစီးနယ်စပ်စစ်ပွဲကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသလို တိုင်းပြည်ဟာလည်း ဆိုးဆိုးရွားရွား အထိနာခဲ့ရပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ဆိုဗီယက်ပြည်ထောင်စုက အကူအညီလျော့နည်းလာမှု၊ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးတားဆီးပိတ်ဆို့မှုတွေကြောင့် ပြိုလဲပျက်စီးမယ့် အနေအထားအထိ ရောက်ရှိလာခဲ့ပါတယ်။



**မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံအစည်းအဝေးတွင် အဖွဲ့ဝင်သစ် မြန်မာနိုင်ငံ၏ အလံကိုလွှင့်ထူနေစဉ်**



**၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗီယက်နမ်တပ်မတော်၏ နောက်ဆုံးကျန်ရှိနေသည့် တပ်ရင်းကို ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြင့် ဗီယက်နမ်မှ ကမ္ဘောဒီးယားနိုင်ငံအား ၁၀ နှစ်ကြာ သိမ်းပိုက်မှု အဆုံးသတ်ခဲ့သည်**

နောက်ဆုံးမှာ ဗီယက်နမ်နိုင်ငံဟာ အာဆီယံထဲမှာ ပါဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လမှာ အာဆီယံရဲ့ TAC စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှာ အဖွဲ့ဝင်အဖြစ် စတင်ပါဝင်လာခဲ့ပါတယ်။ ကမ်ပူးချားပဋိပက္ခကနေ ပေါ်ထွက်လာခဲ့တဲ့ မယုံကြည်မှု၊ မုန်းတီးမှုတွေဟာလည်း တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။ သဘောတရားရေးရာ အယူအဆတွေ ကွဲပြားခြားနားမှုရှိခြင်းဟာ ဒေသရဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် အတားအဆီးမဟုတ်တော့ဘူး ဆိုတာကိုလည်း လက်ခံလာကြပါတယ်။ ကွန်မြူနစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေတဲ့ ဗီယက်နမ်နိုင်ငံကို အာဆီယံအဖွဲ့ကြီးက အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ခြင်းကို ကြည့်ရင် အာဆီယံအသင်းကြီးဟာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ဒေသအရေး၊ ငြိမ်းချမ်းရေးကို ပိုမိုအလေးထားလာတယ်ဆိုတာကို ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံ အာဆီယံကို မဝင်ရောက်မီ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလမှာ ဘရူနိုင်းနိုင်ငံကလည်း အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ဘရူနိုင်းနိုင်ငံဟာ ဗြိတိန်နိုင်ငံကနေ လွတ်လပ်ရေးရရှိပြီး တစ်ပတ်အတွင်းမှာ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ဘုရင်စနစ်ကို လက်ခံကျင့်သုံးတဲ့ နိုင်ငံငယ်လေးတစ်ခုဖြစ်တဲ့ ဘရူနိုင်းနိုင်ငံဟာ သူ့ရဲ့ လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဖို့၊ တန်းတူညီမျှအခွင့်အလမ်းတွေ ရရှိဖို့နဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်မှုကနေ ကင်းဝေးစေဖို့ အာဆီယံအသင်းကြီးရဲ့ အားကိုရယူခဲ့တာဖြစ်ပါတယ်။

အာဆီယံဟာ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လမှာ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံတို့ပါ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ပြီး ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း မြန်မာ၊ လာအိုတို့နဲ့အတူ တစ်ချိန်တည်းမှာ အာဆီယံအဖွဲ့ဝင်ဖြစ်လာဖို့ ဆောင်ရွက်ခဲ့ပေမယ့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လအတွင်း ကမ္ဘောဒီးယားနိုင်ငံမှာ မအောင်မြင်တဲ့ အာဏာသိမ်းဖို့ ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့တဲ့အတွက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုကို ရွှေ့ဆိုင်းခဲ့ပြီး ၁၉၉၉ ခုနှစ်၊ ဧပြီလကျမှ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ တီမောလက်စ်တေနိုင်ငံကလည်း ၂၀၁၁ ခုနှစ်၊ မတ်လမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိဖို့ လျှောက်ထားခဲ့ပြီး လျှောက်ထားမှုအပေါ် စဉ်းစားဆောင်ရွက်နေဆဲအဆင့်မှာသာရှိနေပါသေးတယ်။

အာဆီယံအသင်းကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား မတူကွဲပြားမှုတွေ အများအပြားရှိနေပေမယ့် နှစ်ပေါင်း (၅၀) ကြာ ရပ်တည်လာနိုင်ခဲ့တာဟာ နိုင်ငံရေးအရ ထူးခြားဆန်းကြယ်မှု တစ်ရပ်အဖြစ် ရှုမြင်လျက်ရှိကြပါတယ်။ နယ်မြေဧရိယာနဲ့ လူဦးရေအရကြည့်ရင် အင်ဒိုနီးရှားနိုင်ငံဟာ အကြီးဆုံးနိုင်ငံဖြစ်ပြီး စင်ကာပူနဲ့ ဘရူနိုင်းနိုင်ငံတို့ဟာ ကျန်အဖွဲ့ဝင်နိုင်ငံတွေနဲ့ယှဉ်ရင် ချမ်းသာကြွယ်ဝမှု အများဆုံးနိုင်ငံတွေ ဖြစ်ပါတယ်။ သို့သော်လည်း ဒီနှစ်နိုင်ငံဟာ ကျန်အာဆီယံနိုင်ငံတွေကို ဖွံ့ဖြိုးတိုးတက်ရေးအကူအညီတွေ ပေးရလောက်အောင် အင်အားကြီးမားတဲ့အနေအထားမှာ မရှိတာကို တွေ့မြင်ရပါတယ်။ ဥရောပဒေသမှာ ဂျာမဏီနဲ့ ပြင်သစ်နိုင်ငံတို့ဟာ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ကျန်အီးယူအဖွဲ့ဝင်နိုင်ငံသစ်တွေကို အကူအညီပေးနိုင်တာမျိုး အာဆီယံမှာ မလုပ်နိုင်ပါဘူး။ သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ဖွံ့ဖြိုးတိုးတက်မှုအဆင့် ကွာဟချက် လျော့နည်းလာစေဖို့အတွက် အာဆီယံပေါင်းစည်းရေး အစီအစဉ် (Initiative for ASEAN Integration-IAI) ကနေတစ်ဆင့် တက်တက်ကြွကြွ ဆောင်ရွက်နေပါတယ်။ ဒီအစီအစဉ်ဟာ ၂၀၀၀ ပြည့်နှစ်မှာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာမိုဟာမက်ရဲ့ "အိမ်နီးချင်းနိုင်ငံများလည်း အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး" မူအရ အာဆီယံအဖွဲ့ကြီးမှာ စတင်ထည့်သွင်းဆောင်ရွက်လာခဲ့တာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား လူဦးရေနဲ့ ဂျီဒီပီအရ ကွဲပြားခြားနားမှုတွေကို အောက်ကဇယားမှာ ဖော်ပြထားပါတယ်။

**စာမျက်နှာ ၂၁ သို့**

**အာဆီယံအသင်းကြီးဟာ အဖွဲ့အစည်းတစ်ရပ်အသွင်သဏ္ဍာန်နဲ့ ထွက်ပေါ်လာခဲ့ခြင်းကြောင့် အသင်းဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ဟာ နိုင်ငံရေးကဏ္ဍမှာတင် မဟုတ်တော့ဘဲ သိပ္ပံနဲ့နည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကုန်သွယ်ရေးကဏ္ဍနဲ့ စက်မှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရေးကဏ္ဍတွေအထိ ကျယ်ပြန့်လာ . . .**

# မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေးတိုင်းဒေသကြီးရုံး) နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၃**

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေးတိုင်းဒေသကြီးရုံး) ဖွင့်လှစ်ခြင်း (၇) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားနှင့်အလှူငွေပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ၌ ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားသည်။ ၎င်းနောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးမြတ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေး)မှ အလုပ်အမှုဆောင်များက မိတ်ဆက်ဂါရဝပြုကြသည်။ ယင်းနောက် မသန်စွမ်းကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများနှင့် မသန်စွမ်း အထောက်အကူပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။ ဆက်လက်ပြီး အလှူရှင်များက မန္တလေးတိုင်းဒေသကြီးရုံးခွဲ ရန်ပုံငွေအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့်တာဝန်ရှိသူအသီးသီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ ၎င်းနောက် မန္တလေးတိုင်းဒေသကြီးရုံးခွဲဥက္ကဋ္ဌ ဦးစိုင်းအောင်ထက်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများနှင့် မသန်စွမ်းကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




# လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာအဆင့်မြှင့်တင်ဖွင့်လှစ်

**အောင်မြေသာစံ ဇူလိုင် ၃**

လင်းရောင်ခြည်စာကြည့်တိုက်နှင့်လူငယ်ဖွံ့ဖြိုးရေးစင်တာ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁ ရက် ညနေ ၃နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၆လမ်း၊ မဟာဇေယျာဘုံရပ်ကွက်ရှိ အဆိုပါစာကြည့်တိုက်နှင့်လူငယ်ဖွံ့ဖြိုးရေးစင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်၊ လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လွင်က စာကြည့်တိုက်နှင့်လူငယ်ဖွံ့ဖြိုးရေးစင်တာ ဆောင်ရွက်မည့်အစီအစဉ်များ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်မည့်အစီအစဉ်များကို တင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်များပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးမြို့တော်ဝန်တို့က လင်းရောင်ခြည်စာကြည့်တိုက်နှင့်လူငယ်ဖွံ့ဖြိုးရေးစင်တာသို့ အလှူငွေ၊ ပရိဘောဂနှင့်ကွန်ပျူတာများ လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး လူငယ်ဖွံ့ဖြိုးရေးစင်တာမှ ကလေးငယ်များ၏ သီချင်းသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာသည် လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်က ပြည်သူများ အသိပညာဖွံ့ဖြိုးစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်ပြည်သူများ စုပေါင်းကာတည်ထောင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် သက်တမ်းအရင့်ဆုံးစာကြည့် တိုက်ကြီးဖြစ်သည်။ အင်္ဂလိပ်စာသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မော်တာတပ် လက်တွန်းလှည်းများသည် မသန်စွမ်းများဈေးရောင်းမှုအတွက်အားတစ်ခုဖြစ်လာ

**မန္တလေး ဇူလိုင် ၃**

မော်တာတပ် လက်တွန်းလှည်းများသည် မသန်စွမ်းများ ဈေးရောင်းမှုအတွက် အားတစ်ခုဖြစ်လာသည်။ ယခင်ကလက်တွန်းဘီးများကို လက်ဖြင့်တွန်းသည့်စနစ်မှာ ခရီးမတွင်ဘဲရှိနေသည်။ မော်တာတပ်ဘီးများပြုလုပ်လာနိုင်သည့်နောက်ပိုင်းတွင်ဈေးရောင်းမှုအဆင်ပြေလာခဲ့သည်။ မော်တာတပ်ဘီးများကိုအလင်းသစ်ကိုယ့်အားကိုယ်ကိုး မသန်စွမ်းသူများအသင်းမှ ကိုယ်တိုင်ပြုလုပ်ပေးပြီး လှည်းတစ်စီးလျှင်အပြီးအစီး ကျပ်ငါးသိန်းနီးပါးရှိသည်။ စီးပွားဖြစ်မဟုတ်ဘဲ မသန်စွမ်းများဈေးရောင်းနိုင်ရန်အတွက် ပြုလုပ်ထားသည်။

လက်ရှိကာလတွင် မော်တာတပ်လက်တွန်းဘီးများကို အသုံးပြုကာ ထီရောင်းရာတွင် အနည်းဆုံးငွေကျပ် ၁၅ သိန်းကျော်အထိရောင်းချရပြီး တစ်လလျှင်အနည်းဆုံး ဝင်ငွေ စားပြီးသောက်ပြီး နှစ်သိန်းကျော်အထိ ရရှိကြောင်း သိရသည်။ ရောင်းကြေးအရ အမြတ်များနိုင်သော်လည်း အချို့ထီများများ ထိုးသူများကို ဈေးလျှော့ပေးခြင်းများပြုလုပ်ရောင်းချကြသည်။ ထီကိုဆိုင်ကြီးများမှ ဖောက်သည်ယူကာရောင်းချကြသည်။ မော်တာတပ်ဘီးများကို အသုံးပြုခြင်းအားဖြင့် နယ်စုံသွားလာရောင်းချနိုင်ကြောင်း မော်တာတပ်ဘီးဖြင့် ထီရောင်းချသူ ကိုရမ်ဘိုက ရှင်းပြသည်။

**(တိမ်တမန်)**

# ပထမအကြိမ်ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှု၊ မန္တလေးခရိုင်တွင်ဆောင်ရွက်၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး ဇူလိုင် ၃**

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီးအဖွဲ့ခွဲနှင့် Save Automobile Team(SAT)၊ Japan Road Service Co.,Ltd တို့ ပူးပေါင်းစီစဉ်သော ပထမအကြိမ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဗိုလ်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Japan Road Service Co.,Ltd မှ CEO Mr. Hirotaka Yamaguchi က မိတ်ဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံမှအလှူရှင်များကိုယ်စား ဟွန်ဒါကုမ္ပဏီမှMr.Noyo က ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုတွင် ပါဝင်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုအဖြစ် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ခွဲမှကြီးကြပ်၍ တက္ကသိုလ်များနှင့်အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီမောင်မယ်များပါဝင်သော စေတနာ့ဝန်ထမ်းများက မန္တလေးမြို့ ၁၂ လမ်းနှင့် ၆၆ လမ်းထောင့်၊ ၁၉ လမ်း နှင့် ၆၆ လမ်းထောင့်၊ ၁၂လမ်းနှင့် လမ်း ၈၀ ထောင့်၊ ၃၅ လမ်းနှင့် ၆၆ လမ်းထောင့်၊ ၃၅ လမ်းနှင့် ၆၂ လမ်းထောင့်၊ ၃၅ လမ်းနှင့် ၇၃ လမ်းထောင့်၊ သိပ္ပံလမ်းနှင့် ၇၈ လမ်းဆုံများတွင်အဖွဲ့များခွဲ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# မင်းဘူး(စကု)မြို့တွင် သောက်သုံးရေသန့်ရှင်းရေး အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

**မင်းဘူး ဇူလိုင် ၃**

မင်းဘူးမြို့တွင် မိုးရာသီကာလ၌ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းများကို ဇူလိုင် ၁ ရက်က မင်းဘူးမြို့အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက်တို့တွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာသင်ကျောင်းများ၊ သာသနာ့အဆောက်အအုံများနှင့် ရုံးများရှိ ရေသိုလှောင်ထားရှိရာ ရေစည်၊ ရေကန်၊ ရေဆိုးထုတ်မြောင်းများ၊ ရေအိုင်များကို ဖုံး၊ သွန်၊လဲ၊ စစ်လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဦးသန်းထွန်းက ပြောကြားသည်။

**ဖိုးပြည့်(မင်းဘူး)**



# ဆေးဖက်ဝင် နဂါးမောက်သီးများကိုဝယ်ယူစားသုံးသူများပြား

**ပြင်ဦးလွင် ဇူလိုင် ၃**

ပြင်ဦးလွင်တွင် နဂါးမောက်စိုက်ပျိုးသူများအဆင်ပြေလျက်ရှိသည်။ ဆေးဖက်ဝင်သည့်အတွက်ဝယ်ယူစားသုံးမှုများကာ ရောင်းသူဝယ်သူအဆင်ပြေလျက်ရှိသည်။ နဂါးမောက်သီးစားသုံးခြင်းဖြင့် ကင်ဆာမဖြစ်အောင်ကာကွယ်ပေးခြင်း၊ သွေးတိုးမဖြစ်အောင်ကာကွယ်ပေးခြင်း၊ အမြင်အာရုံကောင်းမွန်စေကာ သွေးထဲမှ အဆိပ်အတောက်များကို ဖယ်ရှားပေးသည်။

ထို့အပြင်ကိုလက်စထရောလ်ကျစေခြင်း၊ အကျိတ်ရောဂါကုသရန်အတွက် အသုံးဝင်ခြင်း၊ နှလုံးသွေးကြောကျန်းမာရေးကိုထိန်းသိမ်းပေးခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းသက်သာပျောက်ကင်းသည့်အတွက် ဝယ်ယူစားသုံးသူ များပြားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး-၁၅ ဖောင်းတောကျေးရွာတွင် နဂါးမောက်စိုက်ပျိုးသူ များပြားသည်။ နဂါးမောက်ပင်မှာအရင်းအနှီးကြီးသလို အကျိုးအမြတ်လည်းများသည်။ ကွန်ကရစ်တိုင်စိုက်ရခြင်း သံတန်းတင်ပေးပြီး မူလီစုပ်ပေးခြင်းများကိုပြုလုပ်ရသည်။ ကွန်ကရစ်တိုင်တစ်တိုင်နှင့်တစ်တိုင်ငါးပေခြားပြီးစိုက်ပျိုးရသည်။ စိုက်ပျိုးရာတွင် ကွန်ကရစ်တိုင်ပတ်လည်တွင် အနည်းဆုံးနဂါးမောက်ပင်ငါးပင်ခန့် ဝိုင်းကာစိုက်ပျိုးသည်။

စတင်စိုက်ပျိုးပြီးလေးလလောက်ကြာလျှင်စတင်ပွင့်သည်။ အပင်ကုပ်အားကောင်းစေရန် ဝါးလုံးကိုလည်း တင်ပေးထားရသည်။ ရေပေးခြင်းကိုပိုက်လိုင်းဖြင့် ဆက်သွယ်ပေးထားသည်။ မှိုဆေးကိုတော့ ပုံမှန်ဖျန်းပေးရသည်။ အပင်အောက်ခြေတွင် နွားချေးထည့်ပေးရသည်။ လက်ရှိကာလတွင် နဂါးမောက်စိုက်ပျိုးသူများအဆင်ပြေသလို ဆေးဖက်ဝင်သည့်အတွက်ဝယ်ယူစားသုံးသူများပြားလျက်ရှိကြောင်းသိရသည်။

**နွေနဒီ၊ မြစ်ငယ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံကိန်းပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မိုးကုတ် ဇူလိုင် ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော လူထုအခြေပြု မိခင်၊ မွေးကင်းစနှင့် အသက်(၅)နှစ်အောက်ကလေးများ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုစီမံကိန်းသည် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ပြီးဆုံးခဲ့ရာ အဆိုပါစီမံကိန်းမှ ကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီ၊ မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲ၊ ဝမ်းတွင်းမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ပြင်ဦးလွင်မြို့နယ်ကြက်ခြေနီအသင်းခွဲတို့၏ လူမှုကရုဏာလုပ်ငန်းများအတွက် ဆက်လက်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက မိုးကုတ်မြို့နယ် ကြက်ခြေနီတပ်ရင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးကုတ်မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ မိုးကုတ်မြို့နယ်လူထုအခြေပြု မိခင်၊ မွေးကင်းစနှင့် အသက်(၅)နှစ် အောက်ကလေးများ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှု စီမံကိန်းမြို့နယ်စီမံချက်အရာရှိ ဒေါ်ခင်အုန်းမြင့်က စီမံချက်လုပ်ငန်းများအကြောင်းကိုပြောကြားပြီး မိုးကုတ်မြို့နယ်ကြက်ခြေနီအသင်းခွဲအတွင်းရေးမှူး မြို့နယ်တပ်ဖွဲ့မှူး ဒေါ်မြင့်မြင့်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မိုးကုတ်မြို့နယ် လူထုအခြေပြု မိခင်၊ မွေးကင်းစနှင့် အသက်(၅)နှစ်အောက်ကလေးများ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုစီမံကိန်းမြို့နယ်စီမံချက်အရာရှိ ဒေါ်ခင်အုန်းမြင့်က မိမိတို့၏ စီမံချက်များကို ၂၀၁၂ ဇူလိုင်လမှ ၂၀၁၇ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ မိမိတို့ မြို့နယ်အတွင်း အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ယခုအချိန်တွင် စီမံချက်ပြီးဆုံးပြီဖြစ်ရာ စီမံချက်မှ ပစ္စည်း၊ ငွေသားများအား စာရင်းဇယားများနှင့်တကွ အခိုင်အမာလွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်းကို ရှင်းလင်းပြောကြားပြီး မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲအတွက် ဝင်ငွေတိုးလုပ်ငန်းများလုပ်ဆောင်ရန် စီမံချက်မှ အလှူငွေ ကျပ်သိန်း ၅၀ နှင့် ပစ္စည်း ၂၃ မျိုးကို မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲအတွက်လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အလှူငွေကျပ် သိန်း ၅၀ အား မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဝင်ငွေတိုးလုပ်ငန်းလုပ်ဆောင်ရန် ချမ်းမြေ့ရေသန့်စက်ရုံများ တည်ဆောက်ပြီး ရန်ပုံငွေရရှိရေးအတွက် ချမ်းမြေ့သောက်ရေသန့်များ ဖြန့်ချိကာရရှိလာသော ၃၀ ရာခိုင်နှုန်းကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်းကောင်း၊ ကျန် ၄၀ ရာခိုင်နှုန်းကို လုပ်ငန်းလည်ပတ်ရန်အတွက်လည်းကောင်း အသုံးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်တပ်ဖွဲ့မှူးဒေါ်မြင့်မြင့်ဦးက ပြောသည်။

ဆက်လက်ပြီး စီမံကိန်းမှ ပြင်ဦးလွင်မြို့နယ်ကြက်ခြေနီအသင်းခွဲအတွက် Laptop Computer တစ်လုံး၊ Office Table(Leeco)တစ်လုံး၊ Office Chair တစ်လုံး၊ Camera တစ်လုံး၊ Motorbike တစ်စီးစသော ပစ္စည်းငါးမျိုးကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ကြက်ခြေနီအသင်းခွဲအတွက် Laptop Computer တစ်လုံး၊ Office Table ( Leeco) နှစ်လုံး၊ Office Chair နှစ်လုံး၊ Camera တစ်လုံး၊ Motorbike တစ်စီးစသော ပစ္စည်းငါးမျိုးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးအတွက် Motorbike နှစ်စီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ သင့်လျော်ရာ မြို့နယ် သုံးမြို့နယ်အတွက် Motor-bike သုံးစီးကိုလည်းကောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း မိုးကုတ်မြို့နယ် လူထုအခြေပြု မိခင်၊ မွေးကင်းစနှင့် အသက်(၅)နှစ်အောက်ကလေးများ ကျန်းမာရေး ဆိုင်ရာစောင့်ရှောက်မှု စီမံကိန်းမှ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

# မိတ္ထီလာတွင်သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**မိတ္ထီလာ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ဇူလိုင် ၃ ရက် နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့ကြောင်းသိရသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပါဝင်စိုက်ပျိုးမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ သစ်ပင်ပျိုးပင်များကို ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်သူ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းတို့က ပေးအပ်ခဲ့သည်။

ဆက်လက်၍ စိန်ပန်းပျိုးပင် ၃၀၀၊ လျှော်ဖြူ ပျိုးပင် ၅၀ တို့ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်း ဆရာ ဆရာမများနှင့် ကျောင်းသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နည်းပညာတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၃**

မြစ်ကြီးနားမြို့ပေါ်ရှိ လူမှုရေး၊ ဘာသာရေး၊ ကြက်ခြေနီ၊ မီးသတ်အသင်းအဖွဲ့များစုပေါင်း၍ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ပေးဆပ်သူအခမဲ့ လူမှုကူညီရေးအသင်းမှ ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်များရှိ လူမှုကူညီရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြစ်ကြီးနားမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ခွဲနှင့် မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ လာရောက်စုပေါင်း၍ သွေးအမျိုးအစားပေါင်းစုံ သွေးပုလင်း ၁၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲသို့ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံနှင့် ဆရာဝန်ကြီးများ၊ သွေးလှူဘဏ်တာဝန်ခံဆရာနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးကာ အင်အားပြည့်ဆေးဝါးနှင့် အစားအစာများ ပေးအပ်၍ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ဖားဆောင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မူခင်းကျဆင်းရေး ပညာပေး ဟောပြော

**ဖားဆောင်း ဇူလိုင် ၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဇွန်လနောက်ဆုံးပတ်ကကယားပြည်နယ် ဖားဆောင်းမြို့ ဖားစည်သံလွင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင်ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်ကအဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးများကိုလည်းကောင်း၊ မြို့မစခန်းမှူး ဒုရဲမှူးဝင်းဗိုလ်က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးအောင်သန်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသီးသီးလက်တွေ့သရုပ်ပြသ၍ ရှင်းလင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအင်အား ၄၀၀ ခန့်



တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**




# သက်တမ်း(၈၁) နှစ် ရှိပြီဖြစ်သည့် ပြင်ဦးလွင်မြို့နာရီစင်

**ပြင်ဦးလွင် ဇူလိုင် ၃**

ပြင်ဦးလွင်မြို့သည် မြန်မာနိုင်ငံ၏ လှပသာယာသော တောင်စခန်းမြို့၊ ပန်းမြို့တော်မြို့ဟု လူသိထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိသည်။ ပြင်ဦးလွင်မြို့၏ လူသိများသော အမှတ်သင်္ကေတတစ်ခုမှာ နာရီစင်ကြီးပင်ဖြစ်သည်။ အဆိုပါ နာရီစင်ကြီးမှာ ပြင်ဦးလွင်မြို့၏ လမ်းဆုံမီးပွိုင့်ကြီးအနီးတွင် တည်ရှိသည်။

၎င်းနာရီစင်ကြီးကို ခရစ်သက္ကရာဇ် ၁၉၃၆ ခုနှစ် ဗြိတိသျှတို့ အုပ်ချုပ်စဉ်က မြို့ကျက်သရေဆောင်အဖြစ် တည်ဆောက်ထားသော နာရီစင်ဖြစ်သည်ကို အဆိုပါ နာရီစင်ကြီး၏ အုတ်နံရံတွင် ရေးထိုးမှတ်တမ်းတင်ထားသည့် ခုနှစ်သက္ကရာဇ်အရ သိရသည်။

နှစ်သက်တမ်းကာလအားဖြင့် (၈၁)နှစ်ရှိသွားပြီဖြစ်သော်လည်း အချိန်နာရီမှာမူ မှားယွင်းမှုမရှိဘဲ တိကျမှန်ကန်စွာဖြင့် ကျရောက်သည့်အချိန်တိုင်းကို အသံမြည်အချက်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် ထင်ရှားလူသိများသော နာရီစင်ကြီး နှစ်ခုရှိရာ မန္တလေးမြို့မှ ဈေးချို နာရီစင်ကြီးနှင့် ပြင်ဦးလွင်မြို့မှ နာရီစင်တို့ပင်ဖြစ်သည်။ ၎င်းနာရီစင် နှစ်ခုစလုံးမှာ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိနေသည်ကို တွေ့ရသည်။ အထူးသဖြင့် ပြင်ဦးလွင်မြို့သို့ ရောက်ရှိသူတိုင်းက ထိုနာရီစင်ကြီးဆီသို့ တကူးတကသွားရောက်ကြည့်ရှုကြပြီး ရောက်ရှိခိုက် အမှတ်တရအဖြစ် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူကြသည်ဟု ဒေသခံများက ပြောကြားကြသည်။ **မောင်ကို(သာစည်)**

# ကနီမြို့နယ်အတွင်းယင်လုံအိမ်သာလုပ်ငန်းများ အကောင်အထည်ဖော်

**ကနီ ဇူလိုင် ၃**

ရေ-ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသန့်ရှင်းမှုစီမံကိန်းကို SaveThe Children Internationalအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေနှင့် ပတ်သက်၍ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကာ လက်ရှိတွင် ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်နေကြောင်း ရေ/သန့်စီမံချက်မန်နေဂျာ ဦးတင်မောင်ဝင်းထံမှသိရသည်။

"ကနီမြို့နယ်အတွင်းအုပ်စုလိုက်ရွေးချယ်ပြီး စီမံချက်ရေးဆွဲထားတဲ့အတိုင်း ကျေးရွာ အုပ်စု ၁၁ စုက ကျေးရွာ ၄၀ မှာ စီမံချက်ကိုအကောင်အထည်ဖော်နေရာမှာ ရေနှင့်ပတ်သက်တဲ့လုပ်ငန်းတွေ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီး လက်ရှိမှာအိမ်သာနှင့်ပတ်သက်တာတွေကို လုပ်ဆောင်နေပါတယ်။ ပူးပေါင်းလုပ်ဆောင်နေတဲ့ ကျေးရွာကျန်းမာရေးကော်မတီနဲ့ အဆင့်မြင့်သင်တန်းပေးတာနဲ့တွဲပြီး ယင်လုံအိမ်သာတည်ဆောက်တာတွေလုပ်နေပါတယ်။ ကနီမှာကိုယ်ဝန်ဆောင်တွေစောင့်ရှောက်တဲ့ပရောဂျက်ရယ် ရေသန့်ပရောဂျက်တွေကိုဆောင်ရွက်နေရပါတယ်" ဟု ဦးတင်မောင်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အား Save The Children International ၏ လုပ်ငန်းများအကြောင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မုံရွာမြို့ ဝင်းယူနတီဟော်တယ်၌ ကျင်းပရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အကြီးတန်းညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လုပ်ငန်းစဉ်များကိုရှင်းပြကာ ကျန်းမာရေးဌာနကြီးမှူး ဒေါက်တာရဲအောင်က စီမံချက်ကျန်းမာရေးဌာန၏ လုပ်ငန်းစဉ်ကိုခြုံငုံရှင်းလင်းသည်။ ဆက်လက်၍ ရပ်ရွာအခြေပြုရေ-ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းရေးစီမံအုပ်ချုပ်မှုကို အားဖြည့်ပေးခြင်း စီမံချက်အကြောင်းကို ရေ/သန့်စီမံချက်မန်နေဂျာဦးတင်မောင်ဝင်းကရှင်းလင်းတင်ပြသည်။

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကူညီပံ့ပိုးသည့်ရေ-ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းမှုစီမံကိန်းကို ကနီမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်၍ ၂၀၁၈ ခုနှစ် ဇွန်လအထိဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း၄၀တွင်ရှိသောဒေသခံများ ကျန်းမာရေးနှင့် ညီညွတ်၍ ကောင်းမွန်သောအိမ်သာများရေရရှိရေးနှင့် ကျန်းမာရေးအလေ့အထများကိုစဉ်ဆက်မပြတ်တိုးတက်ရရှိခြင်းဖြင့် ကျန်းမာပျော်ရွှင်သောဘဝကိုရရှိစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း အကြီးတန်းညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ခေတ်သစ်ရတနာပုံ

**ဆူးငှက်**

မြန်မာမင်းများ နောက်ဆုံးနန်းစိုက်ခဲ့သည့် မန္တလေးမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာနေရာဖြစ်သကဲ့သို့ပင် ခေတ်သစ်မြို့ပြပုံစံတို့လည်း တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလျက်ရှိသဖြင့် ရှေးဟောင်းလက်ရာများနှင့် ခေတ်သစ်လက်ရာများ ယှဉ်တွဲတည်ရှိလျက်ရှိသော ထူးခြားသည့် မြို့တစ်မြို့ဖြစ်သည်။ ပြောင်းလဲတိုးတက်မှုကို အကြောင်းပြု၍ လူမှုစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေစွာ အဆောက်အအုံများ ပြုပြင်ဆောက်လုပ်ရာတွင် ရှေးမြန်မာဗိသုကာပညာရှင်တို့ တည်ဆောက်ခဲ့သော ဂန္ထဝင်အမွေအနှစ်များနှင့် ၎င်းတို့၏ မြို့ပြအကွက်အကွင်း (Urban Space) များကို မပျောက်မပျက်အောင် ထိန်းသိမ်းဆောက်လုပ်ရန်လည်း အထူးလိုအပ်သည်။

**အသစ်က အဟောင်းကိုဖျက်သလော**

မန္တလေးမြို့တွင်နေထိုင်ပြီး မြန်မာမှုဗိသုကာပိုင်းဆိုင်ရာကို အထူးပြုလေ့လာသူ အင်ဂျင်နီယာတစ်ဦးက "ရှေးမြန်မာ့ဗိသုကာပညာရှင်တွေဟာ ဘာသာရေးအရ အလေးအနက်ထားရမယ့် အဆောက်အအုံတွေကို အထွတ်အထိပ်နေရာ (Site Super macy) တွေမှာ တည်ထားခဲ့ကြပါတယ်။ အဲဒီနေရာတွေမှာ လိုအပ်တဲ့ လမ်းတွေဖောက်လုပ်ပြီး ဘုရားပုထိုးတွေနဲ့ နန်းတော်အနေအထားတွေကို မျက်စိပသာဒရှိအောင် ဆောက်လုပ်ခဲ့ကြပါတယ်။ Supermacy ဖြစ်တဲ့ အဆောက်အအုံတွေကို မြင်တွေ့ဖူးမြော်သပ္ပာယ်နိုင်အောင်လည်း ရှုံးရှင်းမြင်လွယ်မှု (Visual accessibility Axis) တွေ ထားရှိခဲ့ကြပါတယ်။ အဆောက်အအုံသစ်တွေ ဆောက်လုပ်တဲ့အခါမှာ Visual accessibility Axisတွေကို ပိတ်ဆို့တည်ဆောက်ခြင်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖျက်ဆီးရာရောက်ပါမယ်" ဟု ပြောကြားသည်မှာလည်း မှတ်သားဖွယ်ရာဖြစ်သည်။

**မဟာမုနိရုပ်ရှင်တော်မြတ်နှင့် ကျောက်စိမ်းအတိုအစ**

ရှေးဟောင်းလက်ရာများနှင့် ခေတ်သစ်လက်ရာများ ယှဉ်တွဲတည်ရှိမှုကိုလေ့လာရာ၌ ၂၆ လမ်းနှင့် ၆၆ လမ်းရှိ ဆီဒိုးနားဟိုတယ်နှင့် နန်းမြို့ရိုးတို့၏ ရှေးဟောင်းနှင့်ခေတ်သစ် မထိခိုက်စေဘဲ ယှဉ်တွဲဖြစ်ထွန်းမှုနှင့်အတူ မဟာမုနိဘုရားကြီးတွင် ရှေးဟောင်းဂန္ဓကုဋီတိုက်တော်နှင့် ခေတ်သစ်လက်ရာ ဗုဒ္ဓဝင်ပြခန်း၊ မဟာ အတုလဝေယံကျောင်းတော်ကြီးတွင် ရှေးဟောင်းလက်ရာပုံစံအတိုင်း ခေတ်သစ်သံကူကွန်ကရစ်စနစ်များဖြင့် တည်ဆောက်ထားပုံတို့က ရှေးဟောင်းစံအပေါ် အလေးထားလိုက်လျောမှုများအဖြစ် ဂရုပြုရပေမည်။ သို့သော် အလေးအမြတ်ပြုဖွယ် သာသနိက အဆောက်အအုံကြီးမျှသာမက ရှေးဟောင်းအမွေအနှစ်အဖြစ်ပါ တန်ဖိုးထားအပ်သော မဟာမုနိဘုရား ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီး၏ တိုင်လုံးများကို ကျောက်စိမ်းပြား အတိုအစများကပ်ခြင်းကမူ မိုက်မဲလွန်းလှသည့် ပြုမူ ဆောင်ရွက်ချက်ဖြစ်ပါ၏။

“ပြောင်းလဲတိုးတက်မှုကို အကြောင်းပြု၍ လူမှုစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေစွာ အဆောက်အအုံများ ပြုပြင်ဆောက်လုပ်ရာတွင် ရှေးမြန်မာဗိသုကာ ပညာရှင်တို့ တည်ဆောက်ခဲ့သော ဂန္ထဝင်အမွေအနှစ်များနှင့် ၎င်းတို့၏ မြို့ပြအကွက်အကွင်း (Urban Space) များကို မပျောက်မပျက်အောင် . . .”

**မြို့ဦးပြာသာဒ်**

ရှေးဟောင်းယဉ်ကျေးမှု လက်ရာဖြစ်သည့် နန်းမြို့ရိုးနှင့်မန္တလေးတောင်တို့ကို ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်မှ လှမ်းမြော်ကြည့်လျှင် မန္တလေးတောင်နှင့် စေတီတို့ကို Supermacy ရယူလွှမ်းမိုးထားပုံတို့ကြောင့် နန်းမြို့ရိုးနှင့် သဟဇာတ (Hermony) ဖြစ်ကာ မျက်စိပသာဒ အလှအပသာမက မန္တလေး၏ ထာဝရသင်္ကေတအဖြစ် စောင့်ရှောက်ထိန်းသိမ်းထားမှုက ဂုဏ်ယူဖွယ်ဖြစ်သကဲ့သို့ ရန်ကုန်-နေပြည်တော်- မန္တလေးအမြန်လမ်းမမှ မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်း မုခ်ဦးပြာသာဒ်နှင့် နန်းတွင်းကျောက်တိုင်ကွင်းအဝင် မုခ်ဦးပြာသာဒ်များကမူ စံချိန်မီ အချိုးကျ အလှပဆုံးပြာသာဒ်များဖြင့် ရတနာပုံခေတ်ကတည်းက တံခွန်ထူခဲ့သော မန္တလေးအတွက် မျက်နှာပူစရာများ ဖြစ်နေရပါ၏။

မန္တလေးနန်းမြို့ရိုး နှင့် မန္တလေးတောင်တို့၏ Supermacy လွှမ်းမိုးမှုမပျောက်ပျက်ရန်အတွက် နန်းမြို့ရိုးပတ်လည်ရှိ နေရာများ၊ မြို့အနှံ့အပြားတွင်ရှိသော ဂန္ထဝင်အဆောက်အအုံများ၏ အနီးပတ်ဝန်းကျင်များတွင် အဆောက်အအုံသစ် ဆောက်လုပ်သည့်အခါတွင်ရှေးက အဆောက်အအုံများနှင့် ဟာမိုနီဖြစ်စေသော မြန်မာမှုဟန်ပန်များ ထည့်သွင်းဆောက်လုပ်ခြင်း၊ သမိုင်းဝင်အမွေအနှစ်အဖြစ် သိသာထင်ရှားစေသည့် (Visual Aspects) ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အဆောက်အအုံပုံသဏ္ဍာန်နှင့် အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကို ကန့်သတ်ထားရှိ သင့်လှပေသည်။

**ကိုလိုနီခေတ် နိုင်ငံခြားသားပညာရှင်နှင့် ပြာသာဒ်တန်ဖိုး**

မန္တလေးမှ ပြာသာဒ်များနှင့်ပတ်သက်၍ "မန္တလေးမဟာမုနိဘုရားကြီးရဲ့ အရှေ့ဘက်နဲ့မြောက်ဘက် စောင်းတန်းတွေထိပ်မှာ နာမည်ကျော် မြန်မာဗိသုကာနဲ့ ပန်းပုဆရာကြီးတွေရဲ့ လက်ရာပြာသာဒ်ကြီးတွေရှိတယ်။ မြန်မာမှုအနုပညာအဖြစ် စံထားဂုဏ်ယူစရာပေါ့။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က အဲဒီပြာသာဒ်ကြီးတွေရှေ့မှာပိတ်ပြီး ကွန်ကရစ်နဲ့ ခေတ်သစ်ပုံစံအဆောက်အအုံညှော့ကြိုဆောင်တွေ အခိုင်အမာ ဆောက်လုပ်လိုက်တော့ မူလပြာသာဒ်ကြီးတွေ တန်ဖိုးကျသွားလို့ ပညာရှင်ကြီးတွေ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရတယ်" ဟု တမ္ပဝတီရပ်ရှိ မြန်မာမှုဗိသုကာပညာရှင်တစ်ဦးက ဆိုသည်။

ထို့ပြင် ကိုလိုနီခေတ်ကတည်းက ဈေးချိုနာရီစင်ကို ပုံစံထုတ်တည်ဆောက်ခဲ့သော ပြင်သစ်အင်ဂျင်နီယာကပင် မြန်မာမှု ပြာသာဒ်၏ အချိုးမှန် စနစ်မှန်နှင့် အနောက်တိုင်း ဗိသုကာကို အချိုးမှန်ပေါင်းစပ်နိုင်အောင် ဂရုပြု တန်ဖိုးထားခဲ့သည်မှာလည်း မန္တလေးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ဆောက်ခဲ့သည့် နာရီစင်နှင့် ဈေးချိုရုံကြီး ၁၂ ရုံတို့၏ ရေပြင်ညီသဘောနှင့်မျဉ်းမတ်သဘော သဟဇာတဖြစ်မှုဖြင့် ဂန္ထဝင်ဟန်အဖိုးတန်မှုမှာ ယခုအခါ အသစ်တည်ဆောက်ပြီးသော အဆင့်မြင့်ဈေးချိုရုံသစ်ကြီးနှင့် အတူ လက်ရှိတည်ဆောက်ဆဲ ပလာဇာများနှင့် အထပ်မြင့်ကွန်ဒိုမီနီယမ်များကြောင့် နှစ် ၁၀၀ ကျော်သက်တမ်းရှိ နာရီစင်၏ ဂန္ထဝင်တန်ဖိုးနိမ့်ကျသွားခြင်းမှာလည်း သတိပြုဖွယ်ဖြစ်သည်။

**ရသေ့ကြီးဦးခန္တီ၏ မန္တလေးတောင်အနှစ်သာရ ကွယ်ပချိန်**

မန္တလေးတောင်သည် ဘာသာရေး၊ ယဉ်ကျေးမှုတွင်သာမက လူမှုရေး၊ ကျန်းမာရေးအတွက်ပင် အထောက်အကူပေးနေသော အဖိုးတန်နေရာဌာန ဖြစ်ပေသည်။ ဤသို့သော အမွေအနှစ်နေရာတွင် စီးပွားရေးတစ်မျက်နှာဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေသော၊ ယဉ်ကျေးမှုပျက်သုဉ်းစေသော၊ ဘာသာရေးနှင့် မလျော်ကန်လှသော ပြုဖွယ်ကိစ္စ အလုံးစုံကို မပြုလုပ်မိကြရန် ရှောင်ရှားကြရန်လည်း လိုအပ်လှပေ၏။ ထို့ပြင်တစ်ဝ မန္တလေးတောင်တော်သို့ ဘုရားဖူးကြမည်ဆိုပါက ကားဖြင့် အလျှင်အမြန်တက် မြွေကြီးနှစ်ကောင်ကြည့်၊ ဆုတောင်းပြည့်ဘုရားကို ပုဆိန်ပေါက်ရှိခိုး၊ ရင်ပြင်တော်ပေါ်ခဏတ်ပုံရိုက် အပြေးအလွှားပြန်ဆင်းခြင်း မပြုကြဘဲ ခြသေ့်ကြီးနှစ်ကောင် စောင်းတန်းမှတက်ကာ စောင်းတန်းတစ်လျှောက်ရှိ စေတီပုထိုး ပန်းဆယ်မျိုးအနုပညာ သဘာဝရှုခင်းအဖုံဖုံကို ဖူးမြော်ကြည်ညို ကြည့်ရှုခံစားရင်း ဘုရားဖူးဖော်များနှင့် မေးမေးမြန်းမြန်း ဆွေးဆွေးနွေးနွေး တက်ရောက်သင့်သည်။ မန္တလေးတောင်ကို ရသေ့ကြီးဦးခန္တီက ဗုဒ္ဓဝင်ပြတိုက် ပန်းဆယ်မျိုးပြတိုက်ကြီးအသွင် ဖန်ဆင်းခဲ့သည် မဟုတ်ပါလား။

သို့သော် တောင်တက်ကားလမ်း ဖောက်လိုက်ကတည်းက စောင်းတန်းမှတက်ရောက်ကာ သမိုင်းကိုလည်းနာယူ မြန်မာမှုကိုလည်း လေ့လာကာ လက်ဆင့်ကမ်းကြသည့် အစဉ်အလာလည်း ပျက်စီးဆုံးရှုံးခဲ့လေပြီ။ အခက်အခဲအမျိုးမျိုးကြားမှ စေတနာ၊ သဒ္ဓါ၊ လုံ့လ၊ ဝီရိယများဖြင့် အပတ်တကုပ်ကြိုးစားခဲ့သော ရသေ့ကြီးဦးခန္တီ၏ ရည်ရွယ်ချက်များလည်း ပျောက်လုလု ဖြစ်ရချေပြီ။ စောင်းတန်းများက တက်ရောက်သူမရှိကြတော့ စောင်းတန်းများ၊ ဇရပ်များ၊ ဂန္ဓကုဋီတိုက်များ၊ သာသနိက အဆောက်အအုံများ၊ ပန်းဆယ်မျိုး အနုပညာလက်ရာများလည်း ပျက်စီးကုန်ပြီ။ အညစ်အကြေးများ အမှိုက်သရိုက်များ စည်းမဲ့ကမ်းမဲ့ နေထိုင်မှုများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ။ ပြုပြင်ထိန်းသိမ်းမှုက မရှိသလောက်မို့ နောင်ရေးရင်လေးဖွယ် ဖြစ်ပါ၏။

ယခုအခါ မန္တလေးတောင်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုက တောင်ခြေမှ တောင်ထိပ်အရောက် ကေဘယ်လ်ကားတည်ဆောက်တပ်ဆင်ရန် စီစဉ်နေပြန်ပြီဟု ကြားသိရပြန်သည်။ ဒါဆိုလျှင် မန္တလေးတောင်တော်၏ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးကာ စောင်းတန်း လေးသွယ်၊ ပြာသာဒ်အဆောင်ဆောင်နှင့် တာဝတိံသာနတ်ဘုံအလား သာသနိက အဆောက်အအုံများလည်း ကျိုးနှင့်ဖုတ်ဖုတ်ဖြစ်ကာ ပျက်စီးဆုံးရှုံးရမှာ သေချာလေပြီ။

**ပျောက်ကွယ်တော့မှာလား ဘိုးတော်ဘုရားကျောက်စာများ**

မန္တလေးနှင့် အောင်ပင်လယ်ဆိုသည်မှာ ခွဲ၍မရကောင်း။ အောင်ပင်လယ်ဆိုသည်မှာ ပုဂံခေတ်ကတည်းက ရှိခဲ့သော ဧရာမကန်ကြီးဖြစ်သည်။ အောင်ပင်လယ်ကန်၏မူလအမည်မှာ ကန်တိလိကန် ဖြစ်သည်။ သက္ကရာဇ် ၅၁၃ ခုနှစ်တွင် မင်းရှင်စောက ဆည်တော်မူခဲ့သည်။ တနင်္ဂနွေသား မင်းရှင်စောက တနင်္ဂနွေနေ့မှာပင် ကန်တော် ဆည်ယူဖို့ဆောင်ပြီးစီးသောကြောင့် "အောင်ပင်လယ်ကန်"ဟု အမည်သမုတ်ခဲ့သည်။ အောင်ပင်လယ်ကန်ကား အလျားတာ သုံးထောင်ရှိပြီး လယ်ပယ်သုံးသောင်းကို သုံးသီးစား စိုက်ပျိုးနိုင်သည်ဟု ဆိုသည်။ မင်းရှင်စော ဆည်တော်မူခဲ့သော အောင်ပင်လယ်ကန်ကို ဘိုးတော်ဘုရား(ဗဒုံမင်း)က သက္ကရာဇ် ၁၁၅၁ခု၊ နယုန်လပြည့်၊ တနင်္လာနေ့တွင် နောက်ပါ ဗိုလ်ခြေထုနှင့် မဟာမုနိဘုရားအနီး ယာယီတဲနန်း၌ စံမြန်းတော်မူပြီး ထပ်မံဆည်ဖို့ ပြုပြင်တော်မူပြန်သည်။

စာမျက်နှာ ၂၁ သို့



ယကြာအရ ထိုးကော်ဖျက်ဆီးလိုက်သည့် စည်ရှည်တံတား



zubdjcMhlfaomap;cdwmf

# ကောလာဟလတွေဟာ တုံ့ပြန်ဖို့တောင် မထိုက်တန်ပါဘူး



လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ ကောလာဟလတွေနဲ့ပတ်သက်ပြီး ဝန်ခံဖို့ရာလွဲလို့ ဒီသတင်းတွေဟာ တုံ့ပြန်ဖြေရှင်းဖို့ရာတောင် ထိုက်တန်မှုမရှိကြောင်း တောင်ကိုရီးယားနာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဆောင်းဟေကိုနဲ့ သူ့ရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့လအတွင်းက ပေါ်ထွက်လာခဲ့တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ ကောဟာဟာလတွေဟာ တောင်ကိုရီးယားမီဒီယာတွေအကြား ရေပန်းစားနေပြီး ရုပ်သံမီဒီယာတစ်ခုဖြစ်တဲ့ MBC ရဲ့အစီအစဉ်တစ်ခုမှာ သူတို့နှစ်ဦးကို ဘာလီကျွန်းမှာ တစ်ရက်တည်းတွေ့ခဲ့ရကြောင်း မျက်မြင်သက်သေနဲ့တကွ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ အဓိကသက်သေဖြစ်တဲ့ ဓာတ်ပုံကိုတော့ ထုတ်ဖော်ပြသခဲ့ခြင်းမရှိဘဲ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတဲ့ စာသားတွေနဲ့ တရုတ်လူမျိုးတစ်ဦးဖြစ်တဲ့ မျက်မြင်သက်သေရဲ့ ပြောစကားတွေကိုသာ သက်သေအဖြစ်ဖော်ပြခဲ့တာဖြစ်ပါတယ်။

မျက်မြင်သက်သေက ပြောကြားခဲ့ရာမှာတော့ သူဟာ ဆောင်ဂျွန်ကီနဲ့ တွေ့ဆုံခွင့်ရဖို့ရာ ဟိုတယ်အရှေ့မှာ စောင့်ဆိုင်းနေစဉ် ဆောင်းဟေကိုကိုပါ တွေ့မြင်ခဲ့ရတာဖြစ်ကြောင်း၊ ဆောင်းဟေကိုဟာ အလွန်လှပသူတစ်ဦးဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ သီးခြားကားတွေပေါ်ကို တက်ကာဟိုတယ်မှ ထွက်ခွာသွားခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ဆက်လက်ပြီး အဆိုပါသက်သေက သူတို့နှစ်ဦးဟာ အတူတူရှိနေတာလားဆိုတာတော့ မသေချာပေမယ့် ဟိုတယ်တစ်ခုတည်းမှာ တည်းခိုနေကြတာတော့ အမှန်ပင်ဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ယခုလို စွပ်စွဲပြောဆိုခဲ့တာတွေနဲ့ပတ်သက်ပြီး ဆောင်းဟေကိုနဲ့ သူ့ရဲ့ မန်နေဂျာတို့က အဆိုပါကောလာဟလတွေဟာ အခြေအမြစ်မရှိကြောင်းနဲ့ တုံ့ပြန်ဖြေရှင်းဖို့ရာတောင် ထိုက်တန်မှုမရှိကြောင်း ပြောကြားခဲ့ပါတယ်။

ရုပ်သံအစီအစဉ်မှာ မျက်မြင်သက်သေရဲ့ ထွက်ဆိုချက်နဲ့အတူ ဖော်ပြခြင်းခံခဲ့ရပြီးတဲ့နောက် ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ ကောလာဟလဟာ ပိုမိုဆူညံလာခဲ့တာဖြစ်ပါတယ်။ ဒီလိုရုပ်သံမှာ မဖော်ပြမီက အွန်လိုင်းမီဒီယာတွေပေါ်မှာ ကောလာဟလတစ်ခုအဖြစ် ဖော်ပြခဲ့ကြပြီး ဒီလို သတင်းစတင်ထွက်လာချိန်မှာတော့ ဆောင်ဂျွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီက ကောလာဟလတွေနဲ့ပတ်သက်ပြီး စစ်ဆေးနေဆဲဖြစ်တယ်လို့ ဖြေကြားခဲ့ကာ ဆောင်းဟေကိုရဲ့ အေဂျင်စီကတော့ မင်းသမီးဟာ အလုပ်ကိစ္စနဲ့ ဘာလီကိုရောက်ရှိနေခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

"Descendants of the Sun" ဇာတ်လမ်းတွဲရုပ်ရှင်ရိုက်ကူးခဲ့စဉ်က ခေါင်းဆောင်မင်းသား မင်းသမီးတွေအဖြစ်ပါဝင်ခဲ့ကြတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ယင်းရုပ်ရှင်အပြီးမှာလည်း နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အေဂျင်စီတွေက ပြန်လည်ငြင်းချက်ထုတ်ကြပြီး သာမန်မိတ်ဆွေတွေသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ တောင်ကိုရီးယားမီဒီယာတွေကလည်း ကြယ်ပွင့်နှစ်ဦးအကြားက ဆက်ဆံရေးကို မပြတ်စောင့်ကြည့်လေ့လာနေတာ တွေ့ရပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ဘာလီကျွန်းက ဟိုတယ်တစ်ခုတည်းမှာ အတူရှိနေခဲ့ကြောင်း ဖော်ပြခဲ့တဲ့ရုပ်သံဟာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ဘောင်ကိုကျော်ကာ အလွန်အကျွံပြောဆိုခဲ့ကြောင်း ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပြီး သူတို့ရဲ့ အပြုအမူအတွက် လတ်တလောမှာ တရားဝင် တောင်းပန်စကားဆိုခဲ့ကြောင်းလည်း သိရပါတယ်။

**ခင်ခင်သက်**



# Miss Grand Myanmar
# အလှမယ် ရွှေအိမ်စည် နှင့် တွေ့ဆုံခြင်း

***ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် Miss Grand International 2017 ပြိုင်ပွဲကြီးကို လာမည့် အောက်တိုဘာလတွင် ကျင်းပတော့မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ရွှေအိမ်စည်က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်နေမှုများနှင့် ပတ်သတ်၍ မေးမြန်းခဲ့သည်။***



**မေး။ ရွှေအိမ်စည်အနေနဲ့ ပြိုင်ပွဲအတွက် ဘာတွေပြင်ဆင်နေပြီလဲ။**

ဖြေ။ ဒီပြိုင်ပွဲမှာ အဓိကပြိုင်ရမှာက လူထုစကားပြောမှုနဲ့ ပတ်သက်တာတွေပေါ့။ စစ်ပွဲတွေကို ဘယ်လိုရပ်တန့်ရမလဲဆိုတဲ့ခေါင်းစဉ်အောက်မှာ ယှဉ်ပြိုင်ရမယ့် မေးခွန်းတွေလည်း ရှိတယ်။ အဲ့ဒါကြောင့် ညီမက တင်ပြမှုကောင်းကောင်းနဲ့ အမေးအဖြေတွေကို ဖြေနိုင်ရမှာ။ အမေးအဖြေကဏ္ဍကို အဓိကထားပြီးတော့ ယှဉ်ပြိုင်ရမှာ။ လူတစ်ယောက်ရဲ့ လူထုဆက်ဆံမှုစွမ်းရည်ပေါ်မှာ မူတည်ပြီးတော့ အဓိကထားကြည့်တာ။ အဲဒီအတွက်ကြောင့် ညီမအများကြီး ပြင်ဆင်ထားတယ်။ ကြိုးစားနေပါတယ်။

**မေး။ အမေး-အဖြေ ကဏ္ဍအတွက်ရော တင်ပြချက်တွေကောင်းအောင် ဘာတွေကိုလေ့လာသွားမယ် စဉ်းစားထားလဲ။**

ဖြေ။ ဒီပြိုင်ပွဲမှာက စစ်ပွဲတွေအကြောင်းကို နိုင်ငံချီပြီးပြောလဲရသလို ကမ္ဘာနဲ့ချီပြီးတော့ ပြောလည်းရတယ်လေ။ ညီမအတွက်ကတော့ ကိုယ့်နိုင်ငံအတွင်းမှာပဲ ပြောစရာတွေလည်းရှိတယ်။ အဲဒီအတွက်ကြောင့် ကိုယ်တိုင် သူတို့နဲ့အထိတွေ့တွေရှိအောင် ညီမခရီးသွားဖို့ စီစဉ်ထားတယ်။ ညီမတို့ အဖွဲ့စည်းတွေနဲ့ပေါင်းပြီးတော့ လျှုရင်းနဲ့ စစ်ဘေးသင့်တဲ့နေရာတွေ သွားပြီးတော့ လေ့လာဖို့တွေရှိတယ်။ ကိုယ်တိုင်လည်း သူတို့အကြောင်းကို အမှန်တကယ်နားလည်ပြီးတော့ သိဖို့အတွက် ကိုယ်တိုင်သွားဖို့ကို လုပ်ထားတာ။ ဘယ်သွားမယ်ဆိုတာကတော့ မရွေးရသေးဘူး။

**မေး။ လူထုဆက်ဆံမှုစွမ်းရည်နဲ့ပတ်သက်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အားရမှုရှိလား။ ထပ်ပြီးတော့ လေ့လာသွားဖို့တွေ ရှိလား။**

ဖြေ။ ညီမက အင်္ဂလန်မှာ ငါးနှစ်လောက်ကျောင်းတတ်လာခဲ့တာဆိုတော့ အင်္ဂလိပ်စကားပြောတာကတော့ ရတယ်။ အားလုံးကတော့ အမေးအဖြေကဏ္ဍအတွက် စိတ်ပူနေကြတာတွေ ရှိတယ်။

**မေး။ ရွှေအိမ်စည်အနေနဲ့ Miss Grand Myanmar ပြိုင်ပွဲကြီးအပေါ် မျှော်လင့်ချက်ကိုပြောပေးပါဦး။**

ဖြေ။ ပြိုင်ပွဲနဲ့ပတ်သက်ပြီးတော့ နိုင်ပါစေလို့ မျှော်လင့်ထားတယ်။ ဖြစ်ချင်တော့ ပြိုင်ပွဲနေ့က ညီမမွေးနေ့နဲ့လည်း တစ်နေ့တည်းဆိုတော့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအတွက် သရဖူယူလာပေးချင်တယ်။ ကိုယ့်အတွက် တစ်နှစ်လည်း ကြိုတင်လေ့ကျင့်ချိန်ရထားတယ်။ ပြင်ဆင်ချိန်လည်း ရှိတာကြောင့် ကျေနပ်မှုရှိတယ်။ ကိုယ့်အတွက် ဒီအခြေနေတွေကိုလည်း မလစ်ဟင်းအောင် ကြိုးစားထားတယ်။ အသုံးချနိုင်အောင် အကောင်းဆုံးလုပ်ထားတာကြောင့် စင်ပေါ်ရောက်မှပဲ ပြိုင်ပွဲရလဒ်အတွက် မျှော်လင့်ထားတယ်။ အားလုံးကလည်း မျှော်လင့်ထားကြတယ်ဆိုတော့ သူတို့အတွက်ရော ကိုယ့်အတွက်ပါ သရဖူကို ယူပေးချင်ပါတယ်။

**မေး။ အားပေးနေတဲ့ ပရိတ်သတ်ကြီးကိုကော ပြောချင်တဲ့စကားရှိလား။**

ဖြေ။ ပြိုင်ပွဲမှာ အနိုင်ရဖို့ညီမ မျှော်လင့်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံအတွက်ကို သရဖူလည်း ယူလာပေးချင်တယ်။ လက်ရှိအချိန်မှာတော့ အကောင်းဆုံးဖြစ်အောင် ညီမ ကြိုးစားနေပါတယ်။ ညီမအတွက် ရထားတဲ့အချိန်တွေကိုလည်း အလေအလွင့်မရှိ အကောင်းဆုံးဖြစ်အောင် ညီမပြင်ဆင်နေတာမို့ အရေးကြီးဆုံးကတော့ ညီမ ပရိသတ်တွေရဲ့ အားပေးမှုပါပဲ။

**တွေ့ဆုံမေးမြန်း - မေနှင်းဆီ**
**ဓါတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# Original Ganster 2 ရုပ်ရှင်ဇာတ်ကားကြီး ဇူလိုင်၇ ရက်ရုံတင်မည်

အက်ရှင်ဇာတ်ကား ကြိုက်နှစ်သက်သည့် ပရိသတ်များစောင့်မျှော်နေသော အော်ရီဂျင်နယ်ဂန်းစတား ၂ ရုပ်ရှင်ဇာတ်ကားကြီးကို ဇူလိုင် ၇ ရက်မှစပြီး မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ကြည့်ရှုနိုင်ပြီဟု သိရသည်။

ယင်းရုပ်ရှင်ဇာတ်ကားကြီးတွင် ပြည်သူချစ်အနုပညာရှင်များဖြစ်သော မြင့်မြတ်၊ ဇင်ဝိုင်း၊ ခင်လှိုင်၊ ယုန်လေး၊ ထူးခြား၊ ယုသန္တာတင်တို့အပြင် လူကြမ်းသရုပ်ဆောင်များစွာလည်း ပါဝင်သရုပ်ဆောင်ထားသည်။

ဒါရိုက်တာ ဂျိုးက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး ရွှေ့ရှင်ရယ်ဟီးရိုး ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးသည့် ယင်းဇာတ်ကား အထူးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီက သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

**ခင်ဇာလီ**

■



# အမှိုက်ပုံးထဲ အမှိုက်မစွန့်ပစ်ဘဲ ရေနုတ်မြောင်းထဲ စွန့်ပစ်သူတချို့ကြောင့် ရေနုတ်မြောင်းများပိတ်ဆို့ပြီး ကားလမ်းရေလျှံမှုများ ကြုံတွေ့

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း အမှိုက်များစနစ်တကျစွန့်ပစ်နိုင်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ရပ်ကွက်အသီးသီးတွင် အမှိုက်ပုံးများချထားပေးသော်လည်း အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး အမှတ် (၁၉) အခြေခံပညာမူလတန်းကျောင်းအနီး အမှိုက်ပုံးဘေး ရေနုတ်မြောင်းအတွင်း အမှိုက်များစွန့်ပစ်ထားမှုကြောင့် ရေနုတ်မြောင်းများပိတ်ဆို့နေရာ ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်မှုဖြင့် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှလုပ်သားများက ရန်ကုန်-အင်းစိန်လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းရေးအတွက် ပိတ်ဆို့အမှိုက်များ ဆယ်ယူပြီး မော်တော်ယာဉ်ဖြင့် သိမ်းဆည်းသယ်ယူနေသည်ကို မြင်တွေ့ရသည်။

"အမက (၁၉) ကျောင်းအနီး ဆပ်ပြာစက်ရုံရှေ့မှာ အမှိုက်ပုံးလေးပုံးချထားတာတွေ့ရတယ်။ ဒါပေမယ့် အမှိုက်စွန့်ပစ်တဲ့သူအချို့က အမှိုက်ပုံးထဲ မစွန့်ပစ်ဘဲ အမှိုက်ပုံးဘေးက ရေနုတ်မြောင်းထဲစွန့်ပစ်နေကြတော့ ရေနုတ်မြောင်းက ပိတ်ဆို့နေပြီ။ ရေတွေကမစီးဆင်းတော့ဘူး။ မိုးများတဲ့နေ့ဆိုရင် ကားလမ်းပေါ် ရေလျှံလာမှာ ကျိန်းသေတယ်" ဟု ယင်းရပ်ကွက်တွင်နေထိုင်သူ ရပ်မိရပ်ဖတစ်ဦးကပြောသည်။

အဆိုပါ အမှတ် ၉ ရပ်ကွက်ရှိ ရန်ကုန်-အင်းစိန်လမ်းမကြီး ရေနုတ်မြောင်းသည် ကမာရွတ်ချောင်းနှင့် ပိတောက်ချောင်းထဲသို့ စီးဝင်သွားသည်ဟုဆိုသည်။ ရေနုတ်မြောင်းပိတ်ဆို့မှုကြောင့် ရေများပုပ်သိုး၍ ဆိုးရွားသောအနံ့အသက်များနှင့် ခြင်၊ ယင်နှင့်ကြွက်များ ရှင်သန်ပေါက်ပွားမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်သဖြင့် စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးထဲသို့စွန့်ပစ်ရန် လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောသည်။

**မောင်သုည**

# တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေး




**ထားဝယ် ဇူလိုင် ၃**

တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများမြင့်မားလာမှုကို ရည်ရွယ်လျက် မြန်မာနိုင်ငံရှိ ကဏ္ဍအသီးသီးတွင် အောင်မြင်ကျော်ကြားနေသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံလုပ်ငန်းရှင်ကြီးများမှ တနင်္သာရီတိုင်းဒေသကြီး၏ အနာဂတ်စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ စုပေါင်းအကြံပြုဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး DVB သတင်းဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်အပါအဝင် စီးပွားရေးလုပ်ငန်းရှင်လေးဦးတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အဖွဲ့လိုက်ဆွေးနွေး၍ ၎င်းတို့၏ဆွေးနွေးမှုများအပေါ် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များက (စိုက်ပျိုးရေး၊ ရော်ဘာလုပ်ငန်း၊ ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်း) အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ သီလဝါအထူးစီးပွားရေးဇုန်မှကြုံတွေ့ခဲ့ရသော သင်ခန်းစာများနှင့် အောင်မြင်မှုများ၊ ထားဝယ်အထူးစီးပွားရေးဇုန်အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းဆိုသည်မှာအဘယ်နည်း၊ ဒေသခံလုပ်ငန်းရှင်များနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီများပူးပေါင်းလုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေကဏ္ဍ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်လာစေရန် ရှေ့ဆက်လုပ်ဆောင်သင့်သည့်အချက်များကို အဖွဲ့လိုက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားကာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ညိုရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများအား စစ်ဆေး

**သာယာဝတီ ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ယခင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ညိုရေလှောင်တမံအတွင်း ရေဝင်ရောက်၍ ကန်ရေပြည့်ရေဝင်ရောက်ရှိမှုအခြေအနေကို ဇူလိုင် ၂ ရက်က သာယာဝတီခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးကျော်သည် ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးနှင့်အတူ တောင်ညိုရေလှောင်တမံသို့သွားရောက်ပြီး ကန်ရေပြည့်ရောက်ရှိနေမှုအခြေအနေ၊ ရေပိုလွှဲမှ ရေကျော်နေမှုနှင့် ဆက်စပ်ရေအားအဆောက်အအုံတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ တောင်ညိုရေလှောင်တမံသည် အလျားပေ ၃၄၀၀၊ အမြင့်ပေ ၁၁၀ ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၀၀၀၀ သိုလှောင်နိုင်ပြီး နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်း နွေစပါးဧက ၃၂၀၀၀ ကျော်အား အကျိုးပြုလျက်ရှိကြောင်း သိရသည်။ တောင်ညိုရေလှောင်တမံအတွင်းသို့ ဇူလိုင် ၁ ရက်တွင် ဆည်အတွင်းရေဝင်ရောက်မှုကောင်းမွန်၍ ကန်ရေပြည့်ရေမှတ်ရောက်ရှိ၍ ရေပိုလွှဲမှ ရေစတင်ကျော်လျက်ရှိသော်လည်း တောင်ညိုရေလှောင်တမံသည် နှစ်စဉ်ကန်ရေပြည့်ကျော်လွန်ကာ ရေဝင်အားကောင်းသော ရေလှောင်တမံဖြစ်ပြီး ရေပိုလွှဲမှရေသည် တောင်ညိုချောင်းအတွင်းသို့သာ စီးဆင်းသွားခြင်းဖြစ်သောကြောင့် တောင်ညိုရေလှောင်တမံသည် ကြံ့ခိုင်မှုကောင်းမွန်ပြီး ကန်ရေပြည့်အား စိတ်ချစွာထိန်းနိုင်သော ဆည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်စရာမလိုဘဲ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်နိုင်ပါကြောင်း မြို့နယ်နှင့်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သူရအောင်(ပြည်)**

# ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်

**ဝါးခယ်မ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ မိမိတို့ဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားကာ အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ သင်သန်းသား ၃၀ အား စာတွေ့လက်တွေ့ဖြင့် ဇူလိုင် ၃ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်နေပြည်သူတွေအတွက် ယခုလို အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးတဲ့အတွက် ပြည်သူတွေ လူမှုစီးပွားဘဝ တစ်စိတ်တစ်ဒေသတော့ မြင့်မားလာမှာဖြစ်တယ်။ အခုဆိုလည်း ကျေးရွာပေါင်းစုံက လူငယ်လူလတ်ပိုင်းတွေ စိတ်ဝင်တစားနဲ့ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းသင်တန်းကို တက်ရောက်ကြတာ တွေ့ရတယ်။ သင်တန်းကာလအတွင်းတော့ သင်တန်းသားအားလုံးကို အစုအဖွဲ့အနေနဲ့ကော၊ တစ်ဦးချင်းအနေနဲ့ပါ စာတွေ့၊ လက်တွေ့လုပ်ဆောင်ပြီး တတ်မြောက်အောင် သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# မြိတ်တက္ကသိုလ်၌ ရှေးဦးပြုစုခြင်းသာမန်အဆင့် သင်တန်းဖွင့်

**မြိတ် ဇူလိုင် ၃**

တက္ကသိုလ်ကြက်ခြေနီအသင်းဝင်များမှသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အရန်အင်အားဖြစ်လာစေရန်၊ ကျောင်းသား ကျောင်းသူများက ကြက်ခြေနီလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာစေရန်၊ မိမိနှင့်ပတ်ဝန်းကျင်တို့၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်အောင် ဖန်တီးတတ်လာစေရန်၊ လူထုအတွင်းကြက်ခြေနီလုပ်ငန်းဖြစ်သော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းစွမ်းပကားများ တိုးတက်မြင့်မားစွာ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြိတ်တက္ကသိုလ်ကြက်ခြေနီအသင်းနှင့် မြိတ်မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း သာမန်အဆင့်သင်တန်း (၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ မြိတ်တက္ကသိုလ်ပင်မဆောင် (၁၀၁)ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြိတ်တက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဓာတုဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာနေသွယ်ကြည်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး ဒုတိယတန်း ဒေါ်အေးအေးသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ကြက်ခြေနီသမိုင်းကြောင်း၊ ရှေးဦးပြုစုခြင်းအတွေးအခေါ်နှင့်သဘောတရား၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့်သွေးယိုစီးခြင်း၊ သတိလစ်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အဆိပ်သင့်ခြင်း၊ အခြေခံအသက်အထောက်အကူပြုနည်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာပြုစုနည်း၊ ဦးခေါင်းနှင့်ကျောရိုးတန်းမကြီးဒဏ်ရာ၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီခြင်း၊ အရေးပေါ်ကလေးမွေးဖွားခြင်း၊ အပူလောင်ခြင်းပြုစုနည်းနှင့် အထွေထွေအခြေအနေများအကြောင်း စသည့်ခေါင်းစဉ်များဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၅၀ အား မြိတ်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ သင်တန်းနည်းပြဆရာ ဆရာမ ၁၀ ဦးက နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျောင်းပိတ်ရက်များတွင် ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



သုံးခွမြို့နယ် ဦးကြာမှိုင်းပတုပ်ကျေးရွာ မူလတန်းကျောင်းတွင် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

**ပဲခူး ဇူလိုင် ၃**

ပဲခူးမြို့နယ် ဥဿာမြို့သစ်ရပ်ကွက်ကြီး-၇ အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လူနေအိမ်များ၊ ရေတွင်း ရေကန်များ အစရှိသောနေရာများသို့ ဇူလိုင် ၂ ရက်က ပဲခူးမြို့မှ တို့ရဲ့ဖြူစင်သောစိတ်နှလုံးသားဖြင့် လူတိုင်းကို ကူညီမည့် ပရဟိတလူမှုရေးအသင်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းများပြုလုပ်ကြောင်း သိရသည်။

**(၅၈၈)**



## အမ်းမြို့၌ သံကူကွန်ကရစ် တံတား အဆင့်မြှင့်တင် ဆောင်ရွက်ပေးသင့်

**အမ်း ဇူလိုင် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့ ဈေးတောင်ရပ်ကွက်၌ရှိသော ရတနာတံတားပေ ၁၈၀ မှာ ရပ်ကွက်နေပြည်သူများ အဓိကအားထားသွားလာလျက်ရှိသော တံတားတစ်စင်းဖြစ်သည်။

အဆိုပါ တံတားမှာ ဟောင်းနွမ်းဆွေးမြည့်နေပြီး တံတားတိုင်များ နိမ့်ဆင်းခြင်း၊ ရက်မများ ကျိုးကျခြင်းကြောင့် ကြံ့ခိုင်မှု မရှိတော့သဖြင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲများ ကြုံတွေ့နေရသည်။

အဆိုပါ တံတားပေါ်တွင် လူနှင့် ယာဉ်များအန္တရာယ်မဖြစ်စေရေးအတွက် ဖြတ်သန်းသွားလာမှုကို တာဝန်ရှိသူများက တားမြစ်ဆောင်ရွက်ပေးလျက်ရှိပြီး တံတားအား သံကူကွန်ကရစ်တံတား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခိုင်ကမ်းမြို့တွင် သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အသိပညာပေး

**ခိုင်ကမ်း ဇူလိုင် ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော်မှ သွားအထူးကု ဆရာဝန်ကြီး ဒုတိယညွှန်ကြားရေးမှူးဒေါက်တာခင်မောင်ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂ ရက် ညနေ ၃ နာရီခွဲက ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်၌ သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပပြီး စွယ်တော်ဆောင်၌ သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးခဲ့သည်။

အဆိုပါအဖွဲ့သည် WHO Project တစ်ခုဖြစ်သော Task coordination, supervision and monitoring of POHC services in project and strategic township ကို တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်နှင့် ဟားခါးမြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေခြင်းဖြစ်ပြီး ဇူလိုင် ၄ ရက်တွင် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ၌လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ဖလမ်းမြို့နယ် လုံဘန်းတိုက်နယ်ဆေးရုံ၌ လည်းကောင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ကမ်း(ပြန်/ဆက်)**



ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၆) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂) ၌ ဇူလိုင် ၁ ရက် နံနက်ပိုင်းက နာရေးကူညီမှုအသင်း (ရန်ကုန်)နှင့် ကျော်သူ ပရဟိတ ကွန်ရက်တို့မှ အခမဲ့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေစဉ်။

**ခရေဇီ**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(၃၂၉)**



**စာမျက်နှာ ၁၅ မှ**

အာဆီယံအဖွဲ့ကြီးအတွင်းမှာ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ ထိုင်းနိုင်ငံတို့ဟာ ဗုဒ္ဓဘာသာကိုးကွယ်သူလူများစုနေထိုင်တဲ့ နိုင်ငံတွေဖြစ်ကြသလို ဘရူနိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ဟာ အစ္စလာမ်ဘာသာကိုကိုးကွယ်သူအများစုနေထိုင်ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ကွန်မြူနစ်၊ ဆိုရှယ်လစ်အစိုးရအုပ်ချုပ်တဲ့ နိုင်ငံတွေဖြစ်သလို ဘရူနိုင်းနိုင်ငံဆိုရင်လည်း ဘုရင်စနစ်နဲ့အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းမှာ ကိုယ်ပိုင်ဘာသာစကား ရှိကြသလို စင်ကာပူနိုင်ငံဆိုရင် အင်္ဂလိပ်၊ တရုတ်၊ မလေးနဲ့ တမီလ်ဘာသာစကား လေးမျိုးကို တရားဝင်ဘာသာစကား အဖြစ် သတ်မှတ်ထားရှိပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ အင်္ဂလိပ်ဘာသာစကားကို တရားဝင်ရုံးသုံး ဘာသာစကားအဖြစ် သတ်မှတ်ထားရှိပါတယ်။

အာဆီယံနိုင်ငံများအကြားမှာ မတူကွဲပြားခြားနားမှုတွေရှိနေခြင်းကြောင့် အာဆီယံ အဖွဲ့ကြီးအတွင်းမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံများအတွင်း ဆွေးနွေးညှိနှိုင်းပြီး တူညီဆန္ဒ (Consensus) ရယူကာ ဆုံးဖြတ်ချက်ချမှတ်တာကို တွေ့ရပါတယ်။

အာဆီယံအဖွဲ့ကြီးအတွင်းမှာ မဲခွဲဆုံးဖြတ်ချက်ချမှတ်တဲ့ အစဉ်အလာမရှိပါဘူး။ အာဆီယံအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌအဖြစ်လည်း အဖွဲ့ဝင်နိုင်ငံတွေက ပြက္ခဒိန်နှစ်အလိုက် အင်္ဂလိပ်အက္ခရာစဉ်အရ အလှည့်ကျတာဝန်ယူထမ်းဆောင်ကြပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်တုန်းက အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ အခု ၂၀၁၇ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံက အာဆီယံရဲ့အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိပြီး ၂၀၁၈ ခုနှစ်မှာ စင်ကာပူနိုင်ငံ၊ ၂၀၁၉ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံတို့က အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အသီးသီးထမ်းဆောင်သွားဖို့ရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

**ASEAN Statistics**

| Country | Total Population[1/] | Gross Domestic Product at current prices |
|---|---|---|
| | thousand | US$ million 2015 |
| Brunei Darussalam | 417.2 | 12,909 |
| Cambodia | 15,405.2 | 18,463 |
| Indonesia | 255,461.7 | 857,603 |
| Lao PDR | 6,902.4 | 12,639 |
| Malaysia | 30,485.3 | 294,390 |
| Myanmar | 52,476.0 | 65,392 |
| Philippines | 101,562.3 | 289,503 |
| Singapore | 5,535.0 | 291,938 |
| Thailand | 68,979.0 | 395,726 |
| Vietnam | 91,713.3 | 193,407 |
| **ASEAN** | **628,937.3** | **2,431,969** |

ASEAN 50 PHILIPPINES 2017

**အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေနှင့် ဂျီဒီပီ အခြေပြဇယား**

**စာမျက်နှာ ၁၈ မှ**

မင်း၊ မိဖုရား၊ မင်းညီ မင်းသား၊ မှူးတော်၊ မတ်တော်၊ ကတော်စိုးတို့နှင့်တကွ အမရပူရ ရွှေမြို့တော်မှ တစ်အိမ်တစ်ယောက်မက ပြည်သူများနှင့်လည်း လယ်ထွန်မင်္ဂလာဆင်းပြီး ကန်တော်နှင့် ပတ်သက်သမျှ ကျောက်စာရေးထိုးစိုက်ထူတော်မူခဲ့၏။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က သမိုင်းအတွက် သာမက မန္တလေးနယ်နိမိတ်နှင့် အောင်ပင်လယ်ကန်၏ နယ်နိမိတ်နှင့် ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစသော အချက်အလက်များအတွက် တန်ဖိုးရှိလှသော ကျောက်စာကြီးများကား လမ်းဘေးမှာ လူမသိသူမသိနဲ့ အပစ်ပယ်ခံနေကြရသည်။

မန္တလေးတောင်ခြေ ဘိုးဘိုးကြီးနန်းစောင်းတန်း အဆင်း အရှေ့ဘက်က ကျောက်စာကလည်း ကျောင်းဝင်းတစ်ခုရဲ့ အုတ်တံတိုင်းထဲ ဘယ်အချိန်က ရောက်သွားမှန်းမသိရဘဲ ပစ္စည်းဟောင်း ဂိုဒေါင်အသွင်ပြောင်းကာ မကြာခင်မှာပဲ ပျောက်ဆုံးပါတော့မည်။ နန်းဦးလွင်ရွာရှိကျောက်စာကလည်း မြို့ပတ်လမ်းအောက် မြုပ်လုလု. .။ ထို့ထက်ဆိုးတာက မန္တလေး၊ ပြင်ဦးလွင်၊ လမ်းမကြီး၏ မန္တလေးကအထွက် မိုင်တိုင် ၆ မိုင် ၂ ဖာလုံ အနီးရှိ အောင်ပင်လယ် ကျောက်စာသည် ယခင်က လမ်းနံဘေး၌ လွတ်လွတ်လပ်လပ်ရှိခဲ့သော်ငြား ယခုအခါ ကျောက်စာရုံကိုပါ အပိုင်စီးခြံဝင်း အခတ်ခံထားရရှာကာ မကြာခင်ပျောက်ကွယ်ဆုံးရှုံးရတော့မည်။

အလားတူ မန္တလေးမတည်မီကတည်းက တည်ရှိခဲ့သော ဘိုးတော်ဘုရား၏ ပယ်ပုံတော်ကျောက်စာဝင်းထဲက နမူနာပြပယ်အတိုင်းအထွာ မြေဧရိယာကိုလည်း အကွက်ရိုက်ကာ အိမ်ရာစီမံကိန်းဖြစ်သွားပြန်ပြီ။

### ဗေဒင်ယတြာနှင့် ရှေးဟောင်းအမွေအနှစ်

ရတနာပုံခေတ် အဆောက်အအုံများအနက် မြို့တည်နန်းတည် သတ္တဌာနမှာပါသော ကျုံးမြို့ရိုး အပါအဝင် ရွှေမြို့တော်ကြီးကအထင်အရှားဖြစ်သည်။ ကျုံးမြို့ရိုးနှင့် ၄၈ ရပ်သော ပြာသာဒ်များကပင်လျှင် မန္တလေးမြို့၏ အမှတ်အသားဖြစ်သည်။ ကျုံးမြို့ရိုးနှင့် ၄၈ ရပ်ပြာသာဒ်များနှင့်အတူ တံခါးကြီးများလည်းပါဝင်သည်။ တစ်ဖက်မှာ တာ ၆၀၀ (၁မိုင်၂ဖာလုံ၅၅ကိုက်) ရှိပြီး အမြင့် ၂၇ ပေ၊ ဒု ၁၀ ပေရှိတဲ့ အုတ်မြို့ရိုးကြီးမှာ အလယ်ခေါင်တည့်တည့်က ခတ်တံခါးဖြစ်သည်။

ပြာသာဒ်က ဘုံခုနစ်ဆင့် ရှိသည်။ လေးမျက်နှာမှာ ခတ်တံခါးက လေးပေါက်ပါဝင်၏။ အရှေ့ဘက်မှာ ဦးထိပ်တံခါး၊ တောင်ဘက်မှာ ကျော်မိုးတံခါး (မင်္ဂလာတံခါး) အနောက်ဘက်မှာ စည်ရှည်တံခါး၊ မြောက်ဘက်မှာ လေးသိန်းတံခါးတို့ဖြစ်သည်။ ထိုခတ်တံခါးများ၏ တစ်ဖက်တစ်ချက်မှာ မိတ်တံခါးတစ်ပေါက်စီ ရှိသည်။ ပြာသာဒ်ဘုံက ငါးဆင့်ဖြစ်သည်။ မိတ်တံခါးများက အရှေ့ မြောက်အရပ်ကစပြီး လွန်ကဲတံခါး၊ သောင်းညွှတ်တံခါး၊ ကျွန်းလုံးယူတံခါး၊ ရန်နည်တံခါး၊ ကြေးမုံတံခါး၊ ထင်ရှား တံခါး၊ စည်သာတံခါး၊ မန်းဦးတံခါးတို့ဖြစ်သည်။ ရွှေမြို့တော်ကြီးသို့ ဝင်ရောက်ရန်၊ တံခါးကြီးတွေက တစ်ဆင့် ကျုံးကိုဖြတ်သည့်အခါမှာလည်း တံတားကြီးတွေ ရှိသည်။ ခတ်တံခါး၊ မိတ်တံခါးကြီးများမှ အကျယ်ပေ ၂၀၀ ကျော်၊ အနက် ၁၅ ပေဝန်းကျင်ရှိသော ရေကျုံးကြီးကိုဖြတ်ရန် လေးမျက်နှာတွင် တံတားကြီးက ငါးစင်းရှိသည်။ လေးမျက်နှာအလယ်ရှိ ခတ်တံခါးကြီးလေးပေါက်က တံတားလေးစင်းနှင့် အနောက်မျက်နှာ တောင်ဘက်အစွန်းမှာရှိသော ကြေးမုံမိတ်တံခါးမှာ တံတားတစ်စင်းနှင့် စုစုပေါင်း ငါးစင်းဖြစ်သည်။ အနောက်မျက်နှာတွင် တံတားနှစ်စင်းရှိခြင်းက ကြေးမုံတံခါးခေါ် အာဠဝီတံခါးသည် ရွှေမြို့တော် အတွင်းက ဆွေတော်မျိုးတော်၊ မှူးကြီးမတ်ရာ၊ သေနာပတိ စစ်သူကြီးတို့ သေလွန်သော်- မြို့အနောက်ခြမ်းက သင်္ချိုင်းတော်များမှာ ဖုတ်ကြည်းမြှုပ်နှံသဂြိုဟ်ဖို့ "မသာတော်" များ ထုတ်ဆောင်ရာ "အ-မင်္ဂလာ" တံခါးအဖြစ် သီးခြားထားရှိခြင်းကြောင့် ဖြစ်သည်။

"ရှေးဟောင်းအမွေအနှစ်"အဖြစ် ပညာရှင်အားလုံးက လက်ခံထားကြတဲ့ စည်ရှည်တံတားကြီးကို လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ရက်က တစ်ဦးတစ်ယောက် (သို့မဟုတ်) တစ်ဖွဲ့တစ်စည်း၏ တစ်ချက်လွှတ်အမိန့်နှင့် နာရီမဆိုင်း အုတ်တစ်ခ၊ သဲတစ်မှုန့်မျှ မကျန်အောင် ထိုးကော် ဖျက်ဆီးပစ်လိုက်သည်။ အုတ်ကျိုး၊ အုတ်ပဲ့ အပိုင်းအစတွေကိုလည်း ဧရာဝတီမြစ်ကမ်းဘေး တစ်နေရာမှာ မြေကျင်းထဲ မြှုပ်၊ မြေဖို့ပြီး "တစ်စမျှ မကျန်"၊ "ခြေရာလက်ရာ မပျက်" ဖျောက်ဖျက်လိုက်ကြသည်။ ဤသို့ဖြင့် သမိုင်းဝင် ဈေးချိုတော်ကြီးလည်း ဖျက်ဆီးခံခဲ့ရပြီ။ ဤသို့ဖြင့် သမိုင်းဝင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ၂၆ ဘီလမ်းကို ပြည်သူက ဂုဏ်ပြုကမ္ပည်းတင်ခဲ့သော "အာဇာနည်လမ်း"ဟူသည့် မော်ကွန်းလည်းပျောက်ခဲ့ပြီ။ လွတ်လပ်ရေး ဗိသုကာကို ဂုဏ်ပြုခဲ့သည့် "ဗိုလ်ချုပ်အောင်ဆန်းလမ်း" ဟူသော ကမ္ပည်းများလည်း ၈၄လမ်းမကြီးတစ်လျှောက် ပျောက်ခဲ့ပြီ။

### မန္တလေးကို ကယ်တင်ပါ

ထို့ကြောင့် သမိုင်းအချက်အလက်၊ ပန်း ၁၀ မျိုး အနုပညာ၊ မြန်မာမှုဗိသုကာနှင့် ခေတ်မီတိုးတက်မှုကို အချိုးညီ မှန်ကန်စွာဖြင့် စိတ်ကူးမြော်မြင်ကာ နားလည်တတ်ကျွမ်း ပေါက်မြောက်သော ပညာရှင်များနှင့် ဆောင်ရွက်နိုင်စွမ်းသော မြို့မိမြို့ဖများအနေနှင့် မန္တလေးကို လျစ်လျူရှုတော်မမူဘဲ တာဝန်ရှိသူများအား လမ်းညွှန်ခြင်း၊ တည့်မတ်ခြင်း၊ တားဆီးခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြဖို့ အရေးတကြီး လိုအပ်နေပါကြောင်း။ ။

လိုနေသူကို ဖေးမကူဖို့ ဝ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
**Universal Institute of ESL (USA)** မှ **Certificate** ချီးမြှင့်သည့်
**ENGLISH 4 SKILLS Level (1,2)** ၊၄၊လ နှင့်
**ENGLISH 4 SKILLS Level (1)** တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
**Essay, Letter** ရေးနည်း။ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း။ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ July 8 စမည်။
**4 SKILLS Level(1,2,3)** တက်ပြီးသူများကို **Dip ESL (USA)** ချီးမြှင့်မည်။
ရည်မှန်းချက် ကြီးမားစွာဖြင့် ပြည်တွင်း ပြည်ပတွင် အင်္ဂလိပ်စကားကို အဆင့်မြင့်မြင့် ပြောဆိုနိုင်ရန် ပြင်ဆင်ထားချင်သူများအတွက်
အထူးစီစဉ်ဖွင့်လှစ်ပေးသည့် **Certificate in Business English Speaking** ၊၃၊လ အထူး
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ **SPEAKING** သီးသန့် ၊၄၊လ အတတ် လက်ခံပြီ။
**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS** ၊၄၊လ အထူး လက်ခံပြီ။
ဆရာမ **ဒေါက်တာ မြင့်သန္တာ Ph.D** တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

**ရွှေအိုးကြီး** July 7,18,21 ရက်များ ယူကြမည်
မြဝတီ ၊ မဲဆောက် ၊ ဘားအံ
Hotel (Visa) စားငြိမ်း: 75000
မော်လမြိုင်၊ ကျိုက်ထီး၊ ... 35000
09421073634, 777636630

iSrnf
(1) 1700 Sqft Condo (ပြင်ဆင်ပြီး)
အိပ်ခန်း(၃)ခန်း၊ မင်္ဂလာတောင်ညွန့် (၁၅)သိန်း
(2) 12.5'x50' မြေညီထပ် (Hall)
သမိုင်း(၂) လမ်းသွယ်(၂)
(၁ သိန်း ၅သောင်း)
Ph:09-254004938, 09-763601213

London Pearson LCCI (UK) မှအသိအမှတ်ပြုထူးချွန်သင်တန်းကျောင်း
**ဒေါ်သုစာဝင်း** LCCI Approved Centre
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)
**LCCI - ACCA**
MYOB, AutoCount,
Job Training for Accountant
December 2017Series 10% Discount
အမှတ်(၃၀)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ...မြို့နယ်။ (မြလမ်းမှတ်တိုင်)
Ph:09-5029621,09-5402724,09-250371045

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်(၆၉)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

၂၀၁၇ - ၂၀၁၈ စာသင်နှစ်အတွက်
**ဦးဉာဏ်လွင်** B.Sc(Phy),M.Sc (Thesis)
❁ ၉ တန်း နှင့် ၁၀တန်း
❁ ဘာသာစုံဝိုင်းများ
❁ ရူပဗေဒ သီးသန့်တန်းများ
ကျောင်းကြိုအပ် လက်ခံပြီ
တန်းခွဲတိုင်းတွင် တဆင့်ပြန်သင်မည့် ဆရာ/ဆရာမများ တက်ရောက်နိုင်သည်။
အမှတ်(၁၈၆)၊ ဆိပ်ကမ်းသာလမ်း။ 09-425372209, 09-420737118







ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှဖွင့်လှစ်သည့် HND (UK) သင်တန်းများ

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။

- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering



UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး UK Bachelor's Degree ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

အမှတ်-၁၀၃၉/၁၀၄၀၊ ရေဝတီလမ်း၊ တပင်ရွှေထီးလမ်းမကြီး
၄/၅ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၂၂၅၄၅၉၂၈ ၊ ၀၉-၉၇၇၈၃၅၂၁၂
၀၉-၇၉၉၂၅၁၆၈၇ ၊ ၀၉-၄၃၀၆၄၉၉၂

HND edexcel Approved Centre No. 93651
www.facebook.com/umgcollege
Website: www.umgroups.com

**Topsyne®**
FDA ထောက်ခံချက်အမှတ် - 1309 PC 0021
မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"
အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"







Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)
(ကျား/မ မရွေးသုံးနိုင်သည်)
လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)
Apple Production Co., Ltd : 09 86 18081, 09 49 316408

# သမင်ကောင်ရေနှင့် နေထိုင်စားသောက် သွားလာမှုများသိရန် ရှိမ္ဗကားဘေးမဲ့တောတွင် ကင်မရာထောင်ချောက်များ တပ်ဆင်ထား

**ဝက်လက် ဇူလိုင် ၃**

သမင်ကောင်ရေသိရှိစေရန်နှင့် သမင်များသွားလာတတ်သော နေရာများ သိရှိစေရန် ဝက်လက်မြို့နယ် ရှိမ္ဗကား တောရကျောင်းကြီးဘေးမဲ့တောအတွင်း ကင်မရာထောင်ချောက် ကိုးခုကို ဇွန် ၂၄ ရက်က တပ်ဆင်ထားကြောင်း သိရသည်။

"ကင်မရာထောင်ချောက်တွေကို သစ်ပင်တွေပေါ်မှာ တပ်ထားရာမှာ တောရကျောင်းကြီးတောင်ဘက်မှာ ကင်မရာခြောက်လုံး၊ မြောက်ဘက်မှာ သုံးလုံးတပ်ထားပါတယ်။ နှစ်ပတ်ကြာတပ်ဆင်ထားပြီး ကင်မရာထောင်ချောက်တွေ မပျောက်စေဖို့ အစောင့်တွေချထားပါတယ်။ အဓိကက သမင်ကောင်ရေ သိချင်လို့ရယ် သမင်တွေသွားလာတတ်တဲ့အနေအထားတွေကို သိချင်လို့ရယ်ကြောင့် တပ်ထားတာပါ"ဟု ဝက်လက်မြို့နယ် သစ်တောဦးစီးမှူး ဦးသိန်းဝင်းထွန်းက ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪





# ချင်းတွင်းမြစ်ရေ ခန္တီးမြို့၌ ထပ်မံမြင့်တက်လျက်ရှိ

**ခန္တီး ဇူလိုင် ၃**

မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ ဇွန် ၂၀ ရက် ညနေ ၆ နာရီခွဲမှစ၍ ဆက်လက်မြင့်တက်လျက်ရှိရာ ဇူလိုင် ၃ ရက် မွန်းတည့် ၁၂ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၂၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့၏ စိုးရိမ်ရေအမှတ် ၁၃၆၀ စင်တီမီတာသို့ရောက်ရန် အနည်းငယ်သာလိုသော်လည်း ယခုနှစ်တွင် ချင်းတွင်းမြစ်ရိုး တာပေါင်တည်ဆောက်ထားမှုကြောင့် ချင်းတွင်းမြစ်ရေဝင်ရောက်ခြင်းမရှိဘဲ တောင်ကျရေနှင့် အင်းရေပေါင်းစပ်ကာ ခန္တီးမြို့တွင်း မြေနိမ့်ပိုင်းရပ်ကွက်များသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတောင်ကျရေနှင့် အင်းရေများဝင်ရောက်လျက်ရှိသော မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများသည် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံတွေ့နေရသည်မှာ ရက်သတ္တနှစ်ပတ်ကျော်ပြီဖြစ်ကြောင်း ဇီးဖြူကုန်းရပ်ကွက်နေသူ ဒေါ်အဖားသေးက ပြောသည်။ **ခေါင်ရည်ချို(နာဂမြေ)**

# မွန်ပြည်နယ် ယူ-၁၅ အသင်းပိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ 100 Plus က ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ်ယူ-၁၅ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းက ကျင်းပရာ မွန်ပြည်နယ် အသင်းဗိုလ်စွဲခဲ့သည်။

ယင်းနှစ်သင်းသည် ချန်ပီယံဆုရရှိရန် အားကုန်ထုတ်ကစားခဲ့ပြီး ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေသောကြောင့် အချိန်ပို

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖



(၅၇) ကီလိုတန်းတွင် တင်ထွန်းအောင်(ကချင်)နှင့် ဇော်ဝင်းပိုင်(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၁၇ ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားလက်ဝှေ့ရုံ၌ စတင်ကျင်းပသည်။

ပြိုင်ပွဲပထမနေ့တွင် လူသစ်တန်း (၄၈)ကီလိုတွဲဆိုင်း လေးဆိုင်း၊ (၅၁) ကီလို လေးဆိုင်း၊ (၅၄) ကီလို တစ်ဆိုင်း၊ (၅၇)ကီလို နှစ်ဆိုင်း၊ (၆၀)ကီလို သုံးဆိုင်း၊ (၇၅)ကီလို တစ်ဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၅ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြသည်။

အဆိုပါ ပွဲများအားလုံးသည် သုံးချီပွဲများအဖြစ် (၄၈)ကီလိုပြိုင်ပွဲတွင် မျိုးကျော်ထွန်း(စစ်ကိုင်း)က **စာမျက်နှာ ၇ ကော်လံ ၂ သို့** ◯

